# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ - ၁၈၂)


၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၂၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**


**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးက လျှပ်စစ်သုံးယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကို ခွင့်ပြု**

ပြည်တွင်းသတင်း | စာ ၄

**ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာအကြောင်း သိကောင်းစရာများ**

ဆောင်းပါး | စာ ၆

**ဆောင်းရာသီဓာတ်စာ ဂေါ်ဖီမျိုးနွယ်စားစရာ**

ဆောင်းပါး | စာ ၁၀




## အင်းတော်ကြီးအိုင်နှင့် ဆက်စပ်ရေဝပ်ဒေသများတွင် ဇန်နဝါရီလအတွင်း ရှားပါးဆောင်းခိုရေပျော်ငှက်မျိုးစိတ်များနှင့် ဒေသရင်းရေပျော်ငှက်မျိုးစိတ်များ စုစုပေါင်း ၄၆ မျိုး၊ ကောင်ရေ ၂၀၂၀၇ ကောင် စာရင်းကောက်ယူနိုင်

မိုးညှင်း ဇန်နဝါရီ ၃၀

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ မြန်မာနိုင်ငံတွင် အကြီးဆုံး ကုန်းတွင်းရေချိုအိုင်ကြီးဖြစ်သည့် အင်းတော်ကြီးအိုင်နှင့် ဆက်စပ်ရေဝပ်ဒေသများတွင် ဇန်နဝါရီလအတွင်း အာရှရေပျော်ငှက်စာရင်းကောက်ယူရာ၌ ရှားပါးဆောင်းခိုရေပျော်ငှက်မျိုးစိတ်များနှင့် ဒေသရင်းရေပျော်ငှက်မျိုးစိတ်များ စုစုပေါင်း ၄၆ မျိုး၊ ကောင်ရေ ၂၀၂၀၇ ကောင်ကို စာရင်းကောက်ယူနိုင်ခဲ့ကြောင်း အင်းတော်ကြီးဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❑



## ကျောက်ဆည်မြို့နယ်၌ ဆောင်းနေကြာ ၈၇၈၄ ဧက စိုက်ပျိုးထား

ကျောက်ဆည် ဇန်နဝါရီ ၃၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဒေသတွင်းစားသုံးဆီဖူလုံပိုလျှံရေး ဆောင်းဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နေကြာ၊ နှမ်းသီးနှံများ စိုက်ပျိုးကြကြောင်းနှင့် အခြေခံသမဝါယမအသင်း ၆၃ သင်းမှ အသင်းသားတောင်သူ ၂၃၃၉ ဦးက ဆောင်းနေကြာ ၈၇၈၄ ဧက စိုက်ပျိုးထားရှိကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

ထိုသို့ ဆောင်းနေကြာစိုက်ခင်းများ စိုက်ပျိုးရာတွင် ရွှေဝါမြေ၊ ကျီးအိပ်၊ ဒွေးလှ၊ ရွှေဆူးလေ၊ ကျားကာ၊ ကလေး၊ ဖျောက်ဆိပ်ပင်၊ ပဲခင်း၊ သင်ပျို၊ ရန်ဘက်လို၊ ပန်းဝတ်ရည်၊ ဘုံကွင်း၊ ရွှေဒါး၊ အရှေ့ငယ်တိုး၊ မှိုင်းပန် လယ်ယာမြေနှင့် အထွေထွေသမဝါယမ အသင်းသား အသင်းသူ ၅၄၉ ဦးက ၂၁၃၆ ဧက၊ ရတနာမွန်၊ ရောင်နီဦး၊ ပန်းခွာ၊ ဆယ်သိန်း၊ အောင်ဇေယျ၊ ပနံ၊ ဒါန်းတိုင်၊ မြင်စိုင်း၊ သုခ စိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမ အသင်းသား အသင်းသူ တောင်သူ ၃၄၄ ဦးက ၁၃၂၂ ဧက၊ ရွာတော်၊ ငါးလုံကုန်း၊ ညောင်ပင်ဇောက်၊ ဇရပ်ဖြူ၊ ငါးဆူ၊ ငွေပန်းကုန်း၊ ညောင်ဝန်း၊ မြင်းတွင်း၊ ပတ္တာ၊ မြင်းချီနိုင်၊ မြင်းကဘက်၊ လက်ပံဇင်၊ ပေါင်လောင်လေး၊ ရွှေပေါက်ပင်၊ သံ-နောက်၊ ကင်း၊ တောင်တော်၊ မြေစိုမိုးကောင်း၊ လယ်ကြီး၊ တောတွင်၊ စိုက်မလန်း၊ ကိုးပင်၊ ရဲမအူ၊ *စာမျက်နှာ ၄ ကော်လံ ၁* ○

# ဥပဒေ၊ နည်းဥပဒေနှင့်အညီစုဆောင်း ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်းနှင့်စပ်လျဉ်း၍ ပြည်သူလူထုကြားတွင် သတင်းများစွာ ဖြစ်ပေါ်လျက်ရှိသည်။ ထို့အပြင် အွန်လိုင်းမီဒီယာများနှင့် လူမှုကွန်ရက်စာမျက်နှာများတွင်လည်း ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ခြင်းနှင့် စပ်လျဉ်းသည့်သတင်းမှန်များနှင့် သတင်းအမှားများစွာတို့ကလည်း ပျံ့နှံ့လျက်ရှိရာ အဆိုပါသတင်းများက ပြည်သူလူထုအတွင်း ရိုက်ခတ်ခြင်းကြောင့်လည်း စစ်မှုထမ်းဆင့်ခေါ်မှု၏ပုံရိပ်ကို ထိခိုက်စေသည်။

ဇန်နဝါရီ ၂၈ ရက်က ကျင်းပသည့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက အမှာစကားပြောကြားရာတွင် “တာဝန်ရှိသူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအပေါ် မမှန်မကန်ဆောင်ရွက်မှုများရှိကြောင်း တွေ့ရှိပါက ထိရောက်စွာအရေးယူသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မတရားပြုလုပ်ကြောင်း မှန်ကန်သည့်အတွက် ထိရောက်စွာအရေးယူသွားရန်၊ အရေးယူပြီး၊ အရေးယူဆဲ အမှုများလည်းရှိနေကြောင်း၊ အလားတူ ပြည်သူ့စစ်မှုထမ်းရန်ကိစ္စနှင့် ပတ်သက်၍ မှန်ကန်မှုမရှိဘဲ လုပ်ကြံပြောဆိုဝါဒဖြန့်ခြင်း၊ မမှန်မကန် တိုင်ကြားခြင်းများရှိပါက တိကျစွာဖော်ထုတ်၍ အရေးယူသွားရန် လိုအပ်မည်ဖြစ်ကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်နှင့်အညီ ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ခြင်းသည် ရေရှည်ဆောင်ရွက်သွားရမည့်လုပ်ငန်းဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် ရပ်/ကျေး၊ မြို့နယ်/ခရိုင် စသည့်အဆင့်ဆင့်သောတာဝန်ရှိသူများ၏ အခန်းကဏ္ဍမှာ အရေးကြီးသည့်အလျောက် မသမာမှု၊ အဂတိလိုက်စားမှုများ ကင်းရှင်းရန် လိုအပ်မည်ဖြစ်ပြီး မမှန်မကန်ဆောင်ရွက်မှုများ ရှိမည်ဆိုပါက ပြည်သူလူထုအတွင်း ဝေဖန်ပြောဆိုမှုများနှင့် တိုင်တန်းမှုများ ဖြစ်ပေါ်လာနိုင်သည်။ ပြီးခဲ့သည့် ဇန်နဝါရီ ၂၆ ရက်တွင် ရွှေဘိုမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့်ပတ်သက်၍ ငွေကြေးများ တောင်းခံခဲ့ကြသည့်ဝန်ထမ်းများအား အရေးယူခဲ့သည့်ဖြစ်စဉ်မှာ သင်ခန်းစာယူ ဆင်ခြင်ဖွယ်ရာပင်ဖြစ်သည်။

အထူးသဖြင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်းအပေါ် အကြမ်းဖက်အဖျက်သောင်းကျန်းသူများနှင့် ပြည်ပလက်ဝေခံ ပြည်ဖျက်မီဒီယာများက မမှန်မကန်အပုပ်ချကာ ပြည်သူများအထင်အမြင်လွဲမှားစေရန်၊ စိတ်ဓာတ်ပျက်ပြားစေရန် ပြုလုပ်လျက်ရှိရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် အဆင့်ဆင့်သောတာဝန်ရှိသူတိုင်းက ပြည်သူကို စည်းရုံးဆောင်ရွက်သည့်နည်းလမ်းကိုကျင့်သုံးကာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ပြီး အဂတိလေးပါးလည်း ကင်းရှင်းကြရမည်ဖြစ်သည်။ ယခုအခါ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်းနှင့် စပ်လျဉ်း၍ မသမာမှုများနှင့် အဂတိမှုများကင်းရှင်းရေး၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီအညွတ်ဖြစ်စေရေး၊ စနစ်တကျဖြစ်စေရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်တို့က ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သတင်းတု၊ သတင်းမှားများနှင့် ကောလာဟလများအပေါ် ယုံသင့် မယုံသင့် ချင့်ချိန်ကြရန်လိုသည်။ ထို့အပြင် ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော **website** နှင့် **webportal** စာရင်းများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းများ ပြုလုပ်နိုင်သည့် ဖုန်းနံပါတ်များ စသည်တို့ကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပေးထားရာ လေ့လာဖတ်ရှုမှတ်သား၍ သိရှိလိုသည်များကို မေးမြန်းခြင်းနှင့် သတင်းပို့ခြင်းတို့လည်း ပြုလုပ်နိုင်သည်။

နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁)ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉)အထိ တိုင်းစစ်ဌာနချုပ်အသီးသီးတွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ သင်တန်းဆင်း ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများမှာလည်း တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတို့တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်လျက်ရှိကြရာ ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်စုဆောင်းရေးကို စီမံခန့်ခွဲမှုကောင်းမွန်စွာ စနစ်တကျဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ စဉ်ဆက်မပြတ် ပေါ်ထွက်နေမည်သာဖြစ်သည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အမွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




### ၃၀ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၄၄၀,၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

### ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

| | | |
|---|---|---|
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဝမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# တည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာစကားပြောကြား



လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃၀**

တည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစော၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဦးစားပေးဆောင်ရွက်နိုင်စေရေးရည်ရွယ်**

ဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အဖွင့်အမှာစကားပြောကြားရာတွင် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်သည် ပြည်သူတို့၏ နေ့စဉ်လူနေမှုဘဝ တိုးတက်မြင့်မားရေးနှင့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်လာခြင်းဖြင့် အခြေခံအဆောက်အဦ (Infra-structure) လိုအပ်ချက်ကို ဖြည့်ဆည်းတည်ဆောက်နိုင်ပြီး လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ(၂)ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်နိုင်စေရေး ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း။

လက်ရှိနိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၈ ရုံ၊ အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ ၂၇ ရုံ၊ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ ရှစ်ရုံ စုစုပေါင်း တပ်ဆင်အင်အား ၆၃၇၀ မဂ္ဂါဝပ်ရှိပါကြောင်း၊ အဆိုပါရေအားလျှပ်စစ်နှင့် အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများမှ အချို့ဓာတ်အားပေးစက်ရုံ ၁၂ ရုံသည် ဓာတ်အားလိုင်းများ ဖျက်ဆီးခံရခြင်းနှင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခြင်း စသည်တို့ကြောင့် လက်ရှိတွင် ဓာတ်အားထုတ်လုပ်မှု ကျဆင်းလျက်ရှိနေပါကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ပမာဏ ပိုမိုမြင့်မားလျက်ရှိနေပါကြောင်း၊ ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy – RE) ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း စီမံကိန်းများကို အမြန်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အထက်အကြီးအကဲကလည်း Renewable Energy – RE အလေးထား အကောင်အထည်ဖော်ရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

တည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ စီမံကိန်းများအနေဖြင့် နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် လေးခု၊ မန္တလေးတိုင်းဒေသကြီးတွင် သုံးခု၊ ပဲခူးတိုင်းဒေသကြီးတွင် တစ်ခု၊ ရှမ်းပြည်နယ်တွင် တစ်ခု စုစုပေါင်း တပ်ဆင်အင်အား ၅၃၀ မဂ္ဂါဝပ် ရှိပါကြောင်း၊ ဆောက်ရွက်ဆဲ Hybrid (Gas Engine + Solar) စီမံကိန်းများအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် တစ်ခုနှင့် မကွေးတိုင်းဒေသကြီးတွင် တစ်ခု စုစုပေါင်း တပ်ဆင်အင်အား ၄၉၆ မဂ္ဂါဝပ်ရှိပါကြောင်း၊ တည်ဆောက်ဆဲ ဆိုလာနှင့် Hybrid စီမံကိန်းများ၏ စုစုပေါင်း တပ်ဆင်အင်အားအနေဖြင့် ၁၀၂၆ မဂ္ဂါဝပ်ရှိပါကြောင်း၊ ယခုတည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများနှင့် Hybrid (Gas Engine + Solar) စီမံကိန်းများ၏ မြေပြင်လုပ်ငန်းတိုးတက်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဆိုလာစီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယခုအစည်းအဝေးတွင် မိမိတို့၏လုပ်ငန်းများ အကောင်အထည်ဖော်မှု၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် စီမံကိန်းလုပ်ငန်းများ နှောင့်နှေးကြန့်ကြာနေရသည့် အကြောင်းရင်းများကို ကုမ္ပဏီတစ်ခုချင်းစီအလိုက် ရှင်းလင်းတင်ပြပေးစေလိုပါကြောင်း၊ ကုမ္ပဏီတစ်ခုချင်းစီ၏ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အမှန်တကယ် ကြုံတွေ့နေရသည့် အခက်အခဲများ၊ အကြောင်းရင်းများ၊ အခြေအနေများကို သိရှိပြီးမှသာ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအဖြေရှာသွားနိုင်မည် ဖြစ်ပါကြောင်း၊ ကုမ္ပဏီများ၏ တင်ပြချက်များအပေါ် ဆက်စပ်ဝန်ကြီးဌာနများကလည်း ဖြေရှင်းနိုင်မည့် နည်းလမ်းများကို အကြံပြုသုံးသပ်တင်ပြပေးစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

> **❝ တည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများအနေဖြင့် နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် လေးခု၊ မန္တလေးတိုင်းဒေသကြီးတွင် သုံးခု၊ ပဲခူးတိုင်းဒေသကြီးတွင် တစ်ခု၊ ရှမ်းပြည်နယ်တွင် တစ်ခု စုစုပေါင်း တပ်ဆင်အင်အား ၅၃၀ မဂ္ဂါဝပ်ရှိ၊ ဆောက်ရွက်ဆဲ Hybrid (Gas Engine + Solar) စီမံကိန်းများအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် တစ်ခုနှင့် မကွေးတိုင်းဒေသကြီးတွင် တစ်ခု စုစုပေါင်း တပ်ဆင်အင်အား ၄၉၆ မဂ္ဂါဝပ်ရှိ ❞**

**ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာသော တည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက မိမိတို့ဆောင်ရွက်နေသည့် စီမံကိန်းများအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစော၊ ကော်မရှင်ဒုတိယ ဥက္ကဋ္ဌ(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကုမ္ပဏီများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌက လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် အနေဖြင့် ယနေ့ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှရရှိလာသည့် အခြေအနေအားလုံးအပေါ် သုံးသပ်ပြီး အကြံပြုချက်များ၊ ဆွေးနွေးချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အခြေအနေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေး ရှေးရှုပြီး ကုမ္ပဏီများအနေဖြင့်လည်း ဆောင်ရွက်ဆဲလုပ်ငန်းများ အမြန်ပြီးပြတ်ပြီး လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အား အမြန်ထုတ်လုပ်နိုင်ရေး အလေးထားကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးက လျှပ်စစ်သုံးယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကိုခွင့်ပြု

**နေပြည်တော် ဇန်နဝါရီ ၃၀**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၈) အစည်းအဝေး ခန်းမ၌ ကျင်းပသည်။ အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**လုပ်ငန်းအသစ် ၁၃ ခု ခွင့်ပြုပေး**

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ လက်ရှိရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် ဝန်ဆောင်မှုကဏ္ဍမှ ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် တစ်ခုနှင့် စက်မှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍတို့မှ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ၁၃ ခုတို့ကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီး မြှုပ်နှံမှုပမာဏမှာ အမေရိကန် ဒေါ်လာ ၃ ဒသမ ၆၈၄ သန်းနှင့် ငွေကျပ် ၃၄၅၈၆၃ ဒသမ ၀၄၃ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့် အလမ်းပေါင်း ၁၅၄၄ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခု အစည်းအဝေးက ခွင့်ပြု ပေးသည့်လုပ်ငန်းများတွင် လျှပ်စစ် သုံးယာဉ်အမျိုးမျိုး တပ်ဆင် ထုတ်လုပ်ခြင်း လုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်း များ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းနှင့် နိုင်ငံတကာအဆင့်မီ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းတို့လည်း ပါရှိသည်။

**အသီးသီးရင်းနှီးမြှုပ်နှံထား**

၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန် အထိ မြန်မာနိုင်ငံတွင် ရင်းနှီး မြှုပ်နှံထားသည့် နိုင်ငံ/ဒေသ ပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ/ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ရပ်အနက် အများဆုံးရင်းနှီးမြှုပ်နှံ ထားသည့်ကဏ္ဍများမှာ စွမ်းအင် ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံ မှု၏ ၂၈ ဒသမ ၃၂ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့်သဘာဝ ဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစု ပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာ သည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက် များအား စိစစ်ခွင့်ပြုခြင်းကိုလည်း ကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီး မြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှု များကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုး ကူညီ ဆောင်ရွက်ပေးလျက်ရှိ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။

---

❑ *ရွှေဖုံးမှ*

အင်းတော်ကြီးအိုင်သည် နှစ်စဉ်ဆောင်းရာသီ ပွင့်လင်းရာသီသို့ ရောက်ရှိလာတိုင်း အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဆောင်းခို ငှက်မျိုးစိတ်များနှင့် ဒေသရေပျော်ငှက်မျိုးစိတ်များသည် ကျင်လည် ကျက်စားလျက်ရှိကြပြီး ယခုနှစ် ဇန်နဝါရီလအတွင်း အာရှရေပျော် ငှက်စာရင်း ကောက်ယူချက်များအရ ရှားပါးဆောင်းခို ရေပျော်ငှက် မျိုးစိတ် ၂၈ မျိုး၊ ကောင်ရေ ၁၆၂၁၅ ကောင်နှင့် ဒေသရင်းရေပျော်ငှက် မျိုးစိတ် ၁၈ မျိုး၊ ကောင်ရေ ၃၉၉၂ ကောင် စုစုပေါင်းကောင်ရေ ၂၀၂၀၇ ကောင်ကို အင်းတော်ကြီးအိုင်၏ အရှေ့ဘက်၊ အနောက်ဘက်နှင့် အင်းတော်ချောင်းတစ်လျှောက် ချောင်းဘေးဝဲ/ယာနှင့် ဆက်စပ်ရေဝပ် ဒေသများရှိ ကိုင်းတောများအတွင်းသို့ တာဝန်ရှိသူများက အဖွဲ့များခွဲ၍ စာရင်းကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ငှက်မျိုးစိတ်များသည် ဇန်နဝါရီလအတွင်းတွေ့ရှိရသည့် ရှားပါးဆောင်းခို ရေပျော်ငှက်မျိုးစိတ်များနှင့် ဒေသရင်းရေပျော်ငှက် မျိုးစိတ်များသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ငှက်မျိုးစိတ်တစ်မျိုးနှင့် ကောင်ရေ ၁၂၀၀ ကျော် လျော့နည်းတွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ပြီး ယင်းငှက်မျိုးစိတ်များ အများဆုံးကျက်စားလေ့ရှိသည့် ငှက်စာရင်း ကောက် လမ်းကြောင်းတစ်ခုဖြစ်သော အင်းတော်ချောင်းအတွင်း စက်လှေ ဖြင့် ငှက်စာရင်းများ ကောက်ယူရာ၌ ရေမှော်နှင့် ဒိုက်များပိတ်မိနေခြင်း ကြောင့် သွားလာရာတွင် အခက်အခဲများရှိနေခြင်း၊ ရာသီဥတုအခြေအနေ နှင့် အချို့နေရာများတွင် ကိုင်းတောများ ထူထပ်နေခြင်းတို့ကြောင့် ငှက်မျိုးစိတ်များကို မြင်တွေ့နိုင်ရန်နှင့် အကောင်ရေများ ရေတွက်ရာ တွင် ခက်ခဲလှသဖြင့် ငှက်မျိုးစိတ်နှင့် အကောင်ရေများ မှတ်တမ်းတင် ရာတွင် အနည်းငယ်တိမ်းစောင်းမှုများလည်းရှိကြောင်း သိရသည်။

အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ အများဆုံးတွေ့ရှိရ သည့် ရှားပါးဆောင်းခိုရေပျော်ငှက်မျိုးစိတ်များမှာ ကြိုးကြာခေါင်းမဲ ၄၂၉၄ ကောင်၊ ဘဲဖြူနက် အကောင် ၃၅၄၀၊ ရေကြက်ဒုံ အကောင် ၂၈၄၀ ၊ စင်ရော်ခေါင်းညို ၉၃၅ ကောင်၊ ခရုစုပ်အနက် ၉၂၄ ကောင်၊ ပို့ချဘဲ အကောင် ၆၅၀ ၊ တောငန်း အကောင် ၆၅၀ ၊ အော်ရော အကောင် ၆၅၀၊ ဘဲနီစပ် အကောင် ၅၂၀၊ စင်ရော်ခေါင်းမဲ ၃၂၅ ကောင်နှင့် ဘဲမဲ ၂၁၄ ကောင် စသည်တို့ ပေါများစွာတွေ့ရှိရပြီး အဆိုပါ ရေပျော်ငှက်မျိုး စိတ်များ စာရင်းကောက်ယူခြင်းကို အင်းတော်ကြီးအိုင်၏ အရှေ့ဘက် လမ်းကြောင်းတွင်လည်းကောင်း၊ အနောက်ဘက်လမ်းကြောင်းတွင် လည်းကောင်း၊ အင်းတော်ချောင်းတစ်လျှောက် ချောင်းဘေး ဝဲ/ယာနှင့် ဆက်စပ်ရေဝပ်ဒေသများရှိ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယခုနှစ် တွင် ယခင်နှစ်က မတွေ့ရှိခဲ့သည့် ဒုံးမြီးကွက်ငှက် သုံးကောင်၊ ဘဲကျား လေး အကောင် ၁၃၀၊ အမောက်ပါတစ်တီးတူး ၁၀ ကောင်နှင့် ဂေါ်ပြား နှုတ်သီးပုံဘဲ အကောင် ၃၀ စသည့်ရေပျော်မျိုးစိတ် လေးမျိုးကိုပါ ပြန်လည်တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

အင်းတော်ကြီးဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးအနေဖြင့် ဆောင်းခို ငှက်မျိုးစိတ်များသည် နှစ်စဉ်နှစ်တိုင်း အောက်တိုဘာလမှစတင်၍ လာရောက်ဆောင်းခိုလေ့ရှိကြောင်း မှတ်တမ်းတင်ထားသဖြင့် နှစ်စဉ် အောက်တိုဘာလ ဒုတိယအပတ်တွင် ဆောင်းခိုငှက်များ ကြိုဆိုပွဲအဖြစ် အသိပညာပေးဟောပြောပွဲများကျင်းပခြင်းနှင့် ဆိုင်းဘုတ်စိုက်ထူခြင်း စသည့် လှုပ်ရှားမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အင်းတော်ကြီးအိုင်သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် အရှေ့ အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်းရှိ အရေးကြီးရေဝပ် ဒေသများ ကွန်ရက်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ် ဖေဖော် ဝါရီ ၂ ရက်တွင် မြန်မာနိုင်ငံ၏ ဒုတိယမြောက် ရမ်ဆာရေဝပ်ဒေသအဖြစ် လည်းကောင်း သတ်မှတ်ခြင်းခံထားရသော အင်းတော်ကြီးတောရိုင်း တိရစ္ဆာန် ဘေးမဲ့တောဖြစ်ကြောင်းနှင့် နို့တိုက်သတ္တဝါမျိုးစိတ် ၄၇ မျိုး၊ ကုန်နေရေနေနှင့် တွားသွားသတ္တဝါမျိုးစိတ် ၉၇ မျိုး၊ ဒေသရင်းငါးမျိုး စိတ်အပါအဝင် ၁၀၀ ၊ ရေပျော်ငှက်မျိုးစိတ် ၁၀၅ မျိုးနှင့် သစ်တောငှက်မျိုး စိတ် ၄၀၀ တို့ နေထိုင်ကျက်စားကြလျက်ရှိကြောင်း အင်းတော်ကြီးဘေးမဲ့ တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**ရွှေမိုးညွှင်း**

**ဓာတ်ပုံ-အင်းတော်ကြီးဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံး**

---

❍ *ရွှေဖုံးမှ*

ရွှေညောင်၊ န-ရှာနန်း၊ လက်ပံပင်၊ စွမ်းရည်၊ ရွှေအင်း၊ အင်ရောင်း၊ စပါယ်တော၊ ကောင်းတင်၊ စင်းကွန်း၊ ရှာသစ်၊ ရဲရွာ၊ ရှမ်းတောင်ဦး၊ ချောင်းဆုံ၊ ရဲဘော်ကြီး၊ ရေကြည် စိုက်ပျိုးရေး နှင့် အထွေထွေသမဝါယမ အသင်းသား အသင်းသူ ၁၄၄၆ ဦးက ၈၇၈၄ ဧက စုစုပေါင်း တောင်သူ ၂၃၃၉ ဦးက ဆောင်းနေကြာ ၈၇၈၄ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

နေကြာစိုက်တောင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေကြာသီးနှံစိုက်ပျိုးရာတွင် ခက်ခဲမှုမရှိစေရေး မြို့နယ်သမဝါယမဦးစီး ဌာနမှ နေကြာတစ်ဧကအတွက် ငွေကျပ် နှစ်သိန်းနှင့်ညီမျှသော သွင်းအားစုများ ထုတ်ချေးပေးခဲ့သည်။

**သက်မောင်(ကျောက်ဆည်)**

---

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm

၄။ Myawady Webportal https://myawady.net.mm

၅။ Myanmar National Portal https://myanmar.gov.mm

---

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေအသိပညာပေး ဟောပြောပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၀**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါရုံး၌ ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်စီမံခန့်ခွဲမှု ယန္တရားများကို ချောမွေ့စွာ လည်ပတ်နိုင်ရန် အထောက်အပံ့ပေးရသည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက် နိုင်ငံတော်၏ ပင်မဥပဒေ အရင်းအမြစ်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင်၊ ရွေးကောက်ပွဲဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေ၊ ရာဇသတ်ကြီး အစရှိသည့် ဥပဒေများနှင့်စပ်လျဉ်း၍ အသိပညာဗဟုသုတရှိရန်လိုအပ်ကြောင်း၊ ထို့ပြင် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့်တည်ဆဲဥပဒေများ၊ ဥပဒေပြဋ္ဌာန်းချက်များကိုလည်း လေးစားလိုက်နာရန် ကျင့်သုံးရန်လည်း လိုအပ်ကြောင်း၊ ဥပဒေဆိုင်ရာ အခြေခံသဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ် အသီးသီး၌ ပေးအပ်သည့် တာဝန်များကို ဥပဒေနှင့်အညီ စနစ်တကျတာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်သော နိုင်ငံ့ဝန်ထမ်းများ ဖြစ်စေရန်အတွက် ဥပဒေအသိပညာပေး ဟောပြောပွဲကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။





နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပေးဟောပြောပွဲတွင် အမှာစကားပြောကြားစဉ်။

ထို့နောက် ဥပဒေပညာရှင်တစ်ဦးက ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း ဟောပြောဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအနေဖြင့် အရာထမ်း၊ အမှုထမ်းများအတွက် ဥပဒေအသိပညာပေးဟောပြောပွဲကို တစ်လလျှင်နှစ်ကြိမ် လစဉ် ဆောင်ရွက်လျက်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေအပါအဝင် နိုင်ငံ့ဝန်ထမ်းများ သိသင့်သိထိုက်သည့် ပြည်တွင်း ပြဋ္ဌာန်းဥပဒေ ၂၀ ခုကို ဥပဒေတွဲ့ရ အရာထမ်းများက ဟောပြောဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ITPEC စာမေးပွဲအောင်လက်မှတ်နှင့် ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၀**

၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပစစ်ဆေးခဲ့သည့် ခုနစ်နိုင်ငံအသိအမှတ်ပြု ITPEC စာမေးပွဲ အောင်လက်မှတ်နှင့် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park ကွန်ဖရင့်ဟောခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးထွန်းခိုင်က အခမ်းအနားကျင်းပနိုင်ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပစစ်ဆေးခဲ့သည့် FE Exam နှင့် IP Exam တို့တွင် ခုနစ်နိုင်ငံ၌ အမှတ်အများဆုံး (ITPEC Award) ဆုရရှိသူများကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်က ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။ ဆက်လက်၍ FE Exam တွင် မြန်မာနိုင်ငံ၌ အမှတ်အများဆုံး (Excellence Award) ဆုရရှိသူများကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးထွန်းခိုင်ကလည်းကောင်း၊ IP Exam တွင် မြန်မာနိုင်ငံ၌ အမှတ်အများဆုံး (Excellence Award) ဆုရရှိသူများကို မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင် အသင်းဥက္ကဋ္ဌ ဦးမျိုးမင်းဦးကလည်းကောင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ကြသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပစစ်ဆေးခဲ့သည့် FE Exam တွင် အောင်မြင်ခဲ့သူများအား အောင်လက်မှတ်များ ပေးအပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းထိန်ဝင်းက AI Opportunities and Challenges ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။ ယနေ့ပြုလုပ်သည့် ITPEC စာမေးပွဲအောင်လက်မှတ်ပေးအပ်ပွဲတွင် အောင်မြင်သူများမှာ မြန်မာတစ်နိုင်ငံလုံးတွင် ၇၃၃ ဦးရှိကြောင်း သိရသည်။

**မျိုးမင်းသူရ**

## လယ်ဝေးမြို့၌ KG ကျောင်းသား ကျောင်းသူများအား ဒုတိယအကြိမ် အာဟာရကျွေးမွေး

**လယ်ဝေး ဇန်နဝါရီ ၃၀**

ကျောင်းနေအရွယ်ကလေးများ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အရ ဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်ဖြင့် KG ကျောင်းသားကျောင်းသူများအား ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို လယ်ဝေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့ မွန်းလွဲပိုင်းက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ဆောင်ရွက်ခဲ့သည်။

ကျောင်းတွင်းအာဟာရ ကျွေးမွေးရာတွင် အာဟာရပြည့်ဝမျှတပြီး ကျန်းမာရေးနှင့် ညီညွတ်သော အစာအာဟာရများကို ချက်ပြုတ်ပြင်ဆင်၍ ကလေးငယ်များအား တာဝန်ရှိသူများက ရှင်းလင်းအသိပညာပေးပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒာကျော်၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက KG ကျောင်းသား ကျောင်းသူကလေးငယ်များအား နေ့လယ်စာကျွေးမွေးသည်။ **(အောက်ပုံ)**

ထို့နောက် အဏုအာဟာရမှုန့်ထုပ်များဖြည့်စွက်ကျွေးခြင်း၊ အစာမစားမီလက်ဆေးခြင်း၊ အစာစားပြီး သွားတိုက်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

**ဝေကြည်(ပြန်/ဆက်)**



## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ် သက်တမ်းခွင့်ပြုပေးခဲ့ပါသည်။

၂။ အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၃၃၊ ၀၁-၈၆၀၄၇၅၀၊၀၁-၈၆၀၄၇၅၁၊ ၀၁-၅၄၄၅၈၃ ၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာအကြောင်း သိကောင်းစရာများ

အိအိဖြိုး

**ယနေ့အချိန်အခါတွင် ရာသီဥတုပြောင်းလဲလာမှုများ လျှင်မြန်စွာဖြစ်ပေါ်လျက်ရှိရာ သဘာဝအရင်းအမြစ်များဆုံးရှုံးမှုကို ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို ထိခိုက်စေပါသည်။ အနာဂတ်လူသားတို့၏ စားနပ်ရိက္ခာဖူလုံစေရေးအတွက် စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်မှုကိုရရှိရန် စိုက်ပျိုးရေးဆိုင်ရာ သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းရေးသည် အရေးကြီးလှပါသည်။**

နိုင်ငံတကာတွင် စိုက်ပျိုးရေးလုပ်ငန်းများ၌ အသုံးပြုရသော ဓာတ်မြေဩဇာများ ထုတ်လုပ်မှုကျဆင်းလာခြင်းကြောင့် ဓာတ်မြေဩဇာများ ရှားပါးခြင်း၊ သယ်ယူပို့ဆောင်မှုအခက်အခဲများကြောင့် ဓာတ်မြေဩဇာများ ဈေးနှုန်းမြင့်တက်ခြင်းနှင့် အလွယ်တကူ ဝယ်ယူ၍ မရသော ပြဿနာများနှင့် ရင်ဆိုင်နေရပါသည်။

ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကို ထိန်းသိမ်းနိုင်ရန်အတွက် မြေဆီလွှာအရည်အသွေးကောင်းမွန်ပြီး အပင်အာဟာရဓာတ်လုံလောက်စွာရရှိရေးမှာ အရေးကြီးလှပါသည်။ အပင်အာဟာရဓာတ်လုံလောက်မှုတစ္စာရနိုင်မှသာ သီးနှံ စိုက် ပျိုး ထုတ်လုပ်မှုတိုးမြှင့်နိုင်မည်ဖြစ်ပါသည်။ နွားချေးနှင့် သစ်ဆွေး မြေဩဇာများသုံးစွဲခြင်း၊ သီးနှံရိတ်သိမ်းပြီး အပင်အကြွင်းအကျန်များကို မြေသို့ ပြန်လည်ထည့်သွင်းပေးခြင်းအားဖြင့် မြေဆီလွှာပြုန်းတီးခြင်းနှင့် အပင်အာဟာရဓာတ်များ လျော့နည်းဆုံးရှုံးခြင်းတို့ကိုလည်း ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။



သီးနှံအထွက်နှုန်းများ တည်ငြိမ်တိုးတက်စေရန်နှင့် စိုက်ပျိုးသူတောင်သူများ အမြတ်အစွန်းရရှိနိုင်ရန်အတွက် မြေသားဖွဲ့စည်းတည်ဆောက်မှုကို ကောင်းမွန်စေသည့် ထွန်ယက်စိုက်ပျိုးမှုပုံစံနှင့် သီးနှံပင်အကြွင်းအကျန်များ မြေတွင်းသို့ ပြန်လည် ထည့်သွင်းစိုက်ပျိုးခြင်းကို ဆောင်ရွက်ရန်လိုအပ်လာပါသည်။ ထို့အပြင် အပေါ်ယံမြေသားများ တိုက်စားပျက်စီးဆုံးရှုံးခြင်းများကို ကာကွယ်ပေးခြင်း၊ သစ်ဆွေးဓာတ်များ လုံလောက်အောင် ထည့်သွင်းပေးခြင်းနှင့် မြေဆီလွှာအတွင်းရှိ အကျိုးပြုဇီဝသက်ရှိများနှင့် အပင်အာဟာရဓာတ်လှည့်ပတ်မှုပုံစံ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်းများကို အဓိကထား၍လည်း ဆောင်ရွက်သင့်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် သစ်စိမ်းမြေဩဇာ စိုက်ပျိုးခြင်းသည်လည်း နည်းလမ်းတစ်ခုအဖြစ် ပါဝင်လျက်ရှိပါသည်။

### သစ်စိမ်းမြေဩဇာ

သစ်စိမ်းမြေဩဇာဆိုသည်မှာ အကြီးမြန်ဆွေးမြည့်လွယ်၍ ဇီဝဒြပ်ထု (Biomass) အထွက်များများရရှိသော အပင်မျိုးဖြစ်သည့်အတွက် ကြဲပက်စိုက်ပျိုးကာ ထယ်ထိုးမြေမြှုပ်ခြင်းအားဖြင့် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိနှင့် ဓာတ်ဂုဏ်သတ္တိများကို ပြောင်းလဲပေး၍ မြေဆီလွှာ၏ အာဟာရဓာတ်ကို ဖြည့်တင်းပေးသော သဘာဝမြေဩဇာပင်ဖြစ်ပါသည်။

**❝ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ကို သုံးစွဲခြင်းသည် မြေဆီလွှာ၏ ရုပ်ပိုင်းဆိုင်ရာ ဂုဏ်သတ္တိ၊ ဓာတုပိုင်းဆိုင်ရာဂုဏ်သတ္တိနှင့် ဇီဝပိုင်းဆိုင်ရာ ဂုဏ်သတ္တိများတိုးတက်ရေးနှင့် ပျက်စီးနေသော မြေဆီလွှာနှင့် သစ်ဆွေးဓာတ်လျော့နည်းနေသော မြေဆီလွှာများ၊ မြေချဉ်ငန်ကိန်း မြင့်လွန်းသော အပူပိုင်းဒေသမြေဆီလွှာများ ပြုပြင်ရန်အတွက် သုံးစွဲရန် အထူးသင့်လျော်ပါသည်။ သက်တမ်းတိုတိုနှင့် ကြီးထွားနှုန်းမြန်ဆန်၍ မြေဆီလွှာအတွင်း သစ်ဆွေးဓာတ်နှင့် နိုက်ထရိုဂျင်ပမာဏများများ ဖြည့်တင်းပေးသည့်အပြင် အကုန်အကျသက်သာသည့် ပိုက်ဆံလျှော်ကို ဝင်ငွေရသီးနှံများမစိုက်မီ သစ်စိမ်းမြေဩဇာအဖြစ် နှစ်စဉ်စိုက်ပျိုးသင့်❞**

သီးနှံများမစိုက်ပျိုးမီ (သို့မဟုတ်) သီးနှံရိတ်သိမ်းပြီး ခေတ္တမြေလုပ်ချိန်တွင် အကြီးမြန်သော ပဲမျိုးရင်းဝင်အပင်များကို ကြဲပက်စိုက်ပျိုးထားပြီး ပန်းမပွင့်မီအချိန်တွင် ထယ်ထိုးမြေမြှုပ်ပေးခြင်းဖြင့် နောက်စိုက်ပျိုးမည့်သီးနှံအတွက် လိုအပ်သောနိုက်ထရိုဂျင်ဓာတ်၊ ဖော့စဖရပ်စ်ဓာတ်၊ ပိုတက်ရှ်ဓာတ်များနှင့် သစ်ဆွေးဓာတ်(Organic Matter)များကို ရရှိစေပါသည်။ ထိုသို့ဆောင်ရွက်ခြင်းကို သစ်စိမ်းမြေဩဇာကျွေးခြင်း (Green Manuring) ဟု ခေါ်ဆိုပါသည်။ သစ်စိမ်းမြေဩဇာအဖြစ် ပဲမျိုးရင်းဝင် အပင်များဖြစ်သည့် ပဲလွမ်း၊ ပဲတီစိမ်းနှင့် မတ်ပဲစသည်တို့အပြင် ပိုက်ဆံလျှော်၊ ဆူးမဲ့ ထိကရုံး(Mimosa)အစရှိသည်တို့ကို သစ်စိမ်းမြေဩဇာအပင်များအဖြစ် အသုံးပြုနိုင်ပါသည်။

### ပိုက်ဆံလျှော်ပင် သစ်စိမ်းမြေဩဇာအဖြစ် စိုက်ပျိုးခြင်း

သစ်စိမ်းမြေဩဇာပင် အမျိုးမျိုးအနက် အပင်အကြီးမြန်၍ စိုက်ပျိုးရ အလွယ်ကူဆုံးအပင်သည် ပိုက်ဆံလျှော်ပင်ဖြစ်ပါသည်။ ပိုက်ဆံလျှော်ကို အခြားသီးနှံများ မစိုက်ပျိုးမီ သစ်စိမ်းမြေဩဇာအဖြစ် စိုက်ပျိုးနိုင်ပါသည်။ ပိုက်ဆံလျှော်၏ အင်္ဂလိပ်အမည်မှာ Sunn hemp ဖြစ်ပြီး သိပ္ပံအမည်မှာ Crotalaria juncea ဖြစ်ပါသည်။ ပိုက်ဆံလျှော်ပင်သည် အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသများအတွက် သစ်စိမ်းမြေဩဇာပင်အဖြစ် လူသိများသော ပဲမျိုးရင်းဝင် အပင်တစ်မျိုးဖြစ်ပါသည်။

အစိုဓာတ်လုံလောက်ပါက မည်သည့်မြေအမျိုးအစားတွင်မဆို ကောင်းစွာ ပေါက်ရောက်ရှင်သန်နိုင်သောအပင်ဖြစ်ပါသည်။ အလင်းရောင်ကို တုံ့ပြန်မှုရှိပြီး နေ့တာရှည် ကာလများရရှိပါက အပင်ပိုင်းကြီးထွားမှုကြာရှည်စေသော အပင်မျိုးဖြစ်ပါသည်။

ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုရန် အတန်းလိုက် (၁' x ၄") စိုက်စနစ်ဖြင့် စိုက်ပျိုးမည်ဆိုပါက တစ်ကေလျှင် မျိုးစေ့ ၂ ဒသမ ၅ ပြည်နှုန်း၊ ကြဲပက် စိုက်ပျိုးလျှင် ၄ – ၆ ပြည်နှုန်း သုံးစွဲရပါမည်။ မျိုးစေ့များကို မြေအနက် ၆–၈ လက်မခန့်ထိ မြေချစိုက်ပျိုးရပါမည်။

ပုံမှန်အားဖြင့် စပါးအခြေခံသီးနှံပုံစံများတွင် လယ်မြေများ၌ မိုးစပါးရိတ်သိမ်းပြီးနောက် ထယ်တစ်စပ်၊ ထွန်တစ်စပ်ဝင်ပြီး မျိုးစေ့ကို ညီညာအောင် ကြဲပက်ရပါသည်။ ထို့နောက် ထွန်တစ်စပ်ဖြင့် ပြန်ဖုံးပေးရပါသည်။ စိုက်ပျိုးပြီး ထယ်ထိုးနှစ်မြှုပ်ရမည့်အချိန်သည် အထူးအရေးကြီးပါသည်။

မိုးရေကိုသာ အားကိုးစိုက်ရသော ကုန်းပိုင်းယာမြေများတွင် မိုးသီးနှံမစိုက်ပျိုးမီ ကြဲပက်စိုက်ပျိုးထားပါက အပင် ၄၅ ရက်သားမှ ၆၅ ရက်သားအတွင်း ထယ်ထိုး မြေမြှုပ်ပေးရပါသည်။ လယ်မြေများတွင် မိုးစပါးရိတ်သိမ်းပြီးနောက် နွေသီးနှံမစိုက်ပျိုးမီ ပိုက်ဆံလျှော်မျိုးစေ့ကြဲပက်၍ အပင် ၄၅ ရက်သားမှ ၆၅ ရက်သားအတွင်း သစ်စိမ်းမြေဩဇာအဖြစ် ထယ်ထိုးမြေမြှုပ်ပေးလေ့ရှိပါသည်။

နွေသီးနှံရိတ်သိမ်းပြီးနောက် မိုးစပါးမစိုက်ပျိုးမီ ပိုက်ဆံလျှော်မျိုးစေ့ကြဲပက်၍လည်း အပင် ၄၅ ရက်သားမှ ၆၅ ရက်သားအတွင်း သစ်စိမ်းမြေဩဇာအဖြစ် ထယ်ထိုးမြေမြှုပ်ပေးလေ့လည်း ရှိပါသည်။ အပင်၏အစိတ်အပိုင်းများကို အစိမ်းအတိုင်းထယ်ထိုး၍ မြေမြှုပ်ပြီး ၁၀ ရက်မှ ၁၄ ရက်အကြာတွင် ကောင်းစွာဆွေးမြည့်ပြီးမှသာ နောက်သီးနှံစိုက်ပျိုးသင့်ပါသည်။ ကောင်းစွာဆွေးမြည့်သွားသည့်အခါ မြေဆီလွှာအားဖြည့်ပေးသော မြေဩဇာအဖြစ်ရရှိမည်။

ပိုက်ဆံလျှော်၊ ပဲလွမ်းနှင့် မတ်ပဲတို့၏ အပင်သက်တမ်းအလိုက် ထယ်ထိုးမြေမြှုပ်ခဲ့ရာ မြေတွင်း၌ရရှိသော အာဟာရဓာတ်ပါဝင်မှုများကို အောက်ပါအတိုင်း ဓာတ်ခွဲစစ်ဆေးခြင်းရလဒ်အဖြစ် တွေ့ရှိရပါသည်။

**သစ်စိမ်းမြေဩဇာ အပင်အမျိုးမျိုးတွင် ထယ်ထိုးနှစ်မြှုပ်သော အပင်သက်တမ်းအလိုက် မြေမှနိုက်ထရိုဂျင်ဓာတ်ရရှိမှုအခြေအနေ**

| သစ်စိမ်းပင် | ထယ်ထိုးသည့် အပင်သက်တမ်း | မြေမှရရှိသည့်အာဟာရဓာတ် | | |
|---|---|---|---|---|
| | | နိုက်ထရိုဂျင် | ဖော့စဖရပ်စ် | ပိုတက်ရှ် |
| ပိုက်ဆံလျှော် | ၄၅ | ၈၆ | ၁၁ | ၄၈ |
| ပိုက်ဆံလျှော် | ၆၅ | ၄၂ | ၈ | ၁၉ |
| ပဲလွမ်း | ၄၅ | ၇၄ | ၁၁ | ၂၈ |
| ပဲလွမ်း | ၇၅ | ၃၀ | ၇ | ၁၅ |
| မတ်ပဲ | ၄၅ | ၅၆ | ၁၀ | ၂၅ |
| မတ်ပဲ | ၇၅ | ၃၆ | ၅ | ၁၂ |

စာမျက်နှာ ၇ သို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ အာရခန်ဂလစ်မြို့၌ ဆောင်ရွက်သော လုံခြုံစိတ်ချရသော အာတိတ်ဒေသလေ့ကျင့်ခန်းအစီအစဉ် ၂၀၂၅ သို့ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၃၀

**လုံခြုံစိတ်ချရသော အာတိတ်ဒေသလေ့ကျင့်ခန်းအစီအစဉ် ၂၀၂၅ သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အာရခန်ဂလစ်မြို့၌ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် ရုရှားမျိုးချစ်သူရဲကောင်းများ ဗိမာန်၌ ကျင်းပသော အမှတ်တရအခမ်းအနားသို့ တက်ရောက်သည်။**






အဆိုပါအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့် သဘာဝဘေး စီမံခန့်ခွဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာရခန်ဂလစ်မြို့ မြို့တော်ဝန်၊ ဘီလာရုစ်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အီရန်နိုင်ငံ၊ ဆော်ဒီအာရေးဗီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ သဘာဝဘေးနှင့် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံအသီးသီးမှ တက်ရောက်သူများနှင့်အတူ တစ်မိနစ်ငြိမ်သက်အသိအမှတ်ပြု၍ အမှတ်တရပန်းစည်းချခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာရခန်ဂလစ်မြို့ မြောက်ဒီဗီနာမြစ်ကမ်းပါးရှိ ဇာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်မည့်နေရာသို့ သွားရောက်ကာ ရေခဲပြင်ရှာဖွေကယ်ဆယ်ရေးသုံး ခေတ်မီယာဉ်ယန္တရားများ အသုံးပြုကူညီကယ်ဆယ်မှု၊ ရေခဲပြင်ပေါ်၌ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသူများ ယာယီနားခိုရန်နှင့် စောင့်ရှောက်မှုပေးရန် ဆောင်ရွက်ထားရှိမှုများကို လေ့လာကြည့်ရှုပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

ထို့နောက် ရေခဲပြင်အတွင်း ပိတ်မိနေသည့် အပြည်ပြည်ဆိုင်ရာရေကြောင်းသွားသင်္ဘောတစ်စင်းပေါ်ရှိ အန္တရာယ်ကြုံတွေ့ရသူများအား ဘေးအန္တရာယ်ရှာဖွေကယ်ဆယ်ကူညီရေးအဖွဲ့များက မောင်းသူမဲ့လေယာဉ်၊ ရေခဲပြင်သွားရှပ်ပြေးယာဉ်၊ ရဟတ်ယာဉ်၊ ရေခဲပြင်သွားလူနာတင်ယာဉ်များအသုံးပြု၍ ရှာဖွေကယ်ဆယ်ခြင်းနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ခြင်းတို့ကို ရုရှားနိုင်ငံနှင့် မိတ်ဆွေနိုင်ငံများမှ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုကို ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးစီမံခန့်ခွဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ကာကွယ်ရေး၊ အရေးပေါ် အခြေအနေနှင့် သဘာဝဘေးစီမံခန့်ခွဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းများတွင် နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် ရေခဲတောင်များရှိသည့် တစ်ခုတည်းသော နိုင်ငံဖြစ်ကြောင်း၊ ရေခဲတောင်ဒေသတွင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်ပံ့ပိုးရန် ကန့်သတ်ချက်များရှိနေသော်လည်း ယခု ဇာတ်တိုက်လေ့ကျင့်မှုမှ အတွေ့အကြုံကောင်းများစွာ လေ့လာခွင့်ရရှိကြောင်း၊ သဘာဝဘေးကူညီမှုဆိုင်ရာ ဆက်စပ်လုပ်ငန်းကဏ္ဍများတွင် လိုအပ်သလို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားကာ ဇာတ်တိုက်လေ့ကျင့်မှုနှင့် စပ်လျဉ်း၍ အကြံပြုမေးမြန်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၁၆)နှင့် အဆင့်မြင့်အရာထမ်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ် (၁၆) နှင့် အဆင့်မြင့်အရာထမ်း သင်တန်း အမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) နီလာခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် သူရ ဦးဘိုနီ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/ စီမံဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။





သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံတိုင်း၊ အဖွဲ့အစည်းတိုင်းတွင် ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသဖြင့် မိမိအဖွဲ့အစည်းက အားကိုးရသည့် ခေါင်းဆောင်ကောင်းများ ဖြစ်စေရန်နှင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသော အသိပညာ၊ အတတ်ပညာ၊ နည်းပညာသစ်များကိုလေ့လာတတ်မြောက်ထားရန်၊ စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်များကို မြှင့်တင်နိုင်ရေးအတွက် ထိုးထွင်းတီထွင်ကြံဆလုပ်ဆောင်နိုင်မှု၊ ခေါင်းဆောင်ကောင်း တစ်ယောက်နှင့် လျော်ညီစွာ နေထိုင်ပြောဆို လုပ်ကိုင်နိုင်ရန်နှင့် ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှု၊ အခက်အခဲများနှင့် မမျှော်မှန်းနိုင်သည့် လိုအပ်ချက်များကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ပြီး တာဝန်ခံနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။**(ဝဲပုံ)**

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၁၆) သို့ သင်တန်းသား သင်တန်းသူ ၂၂ ဦးနှင့် အဆင့်မြင့်အရာထမ်း သင်တန်း အမှတ်စဉ် (၁၉) သို့ သင်တန်းသား သင်တန်းသူ ၄၄ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


**နိုင်ငံသာယာ ဝပြောဖို့၊ သဘာဝတောတွေ ထိန်းသိမ်းစို့**


# ဧရာဝတီတိုင်းဒေသကြီး သစ်လွင်သားဖွားဆရာမများ လုပ်ငန်းခွင်အကြို သင်တန်းဆင်းပွဲနှင့် ခန့်အပ်လွှာပေးအပ်ပွဲကျင်းပ

**ပုသိမ် ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ သစ်လွင်သားဖွားဆရာမများ လုပ်ငန်းခွင်အကြိုသင်တန်းဆင်းပွဲနှင့် ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးက အမှာစကား ပြောကြားသည်။(ယာပုံ) အဆိုပါ လုပ်ငန်းခွင်အကြို သင်တန်းကို ငါးရက်တာပြုလုပ်ခဲ့ပြီး သစ်လွင်သားဖွားဆရာမ ၂၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



*စာမျက်နှာ ၆ မှ*

**ပိုက်ဆံလျှော်သစ်စိမ်းစိုက်ပျိုး၍ မြေမြှုပ်ပေးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။**

(၁) မြေဆီလွှာအတွင်းရှိ အစိုဓာတ်ကို ထိန်းသိမ်းပေးသည် သာမက သစ်ဆွေးဓာတ်ကိုလည်း တိုးတက်စေကာ မြေသားဖွဲ့စည်းမှုကိုလည်း တိုးတက်ကောင်းမွန်စေပါသည်။

(၂) လေထုထဲမှ နိုက်ထရိုဂျင်ကို ဖမ်းယူပေးသည့်အတွက် မြေဆီလွှာအတွင်း နိုက်ထရိုဂျင်ဓာတ် ဖြည့်တင်းပေးရာရောက်ပါသည်။

(၃) မြေဆီလွှာအတွင်းရှိ အပင်အာဟာရဓာတ်များကို မြေအောက်သို့ စိမ့်ဝင်ဆုံးရှုံးခြင်းမှ ကာကွယ်ပေးသည်။

(၄) မြေဆီလွှာတိုက်စားမှုကို လျော့နည်းစေပြီး အပေါ်ယံမြေလွှာများပျက်စီးမှုကို ကာကွယ်ပေးပါသည်။

(၅) မြေညံ့များတွင် စိုက်ပျိုးပြီး ထွန်ယက်မြေမြှုပ်ပေးပါက မြေဆီအရည်အသွေးကို တိုးတက်စေပါသည်။

သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ကို သုံးစွဲခြင်းသည် မြေဆီလွှာ၏ ရုပ်ပိုင်းဆိုင်ရာ ဂုဏ်သတ္တိ၊ ဓာတုပိုင်းဆိုင်ရာဂုဏ်သတ္တိနှင့် ဇီဝပိုင်းဆိုင်ရာဂုဏ်သတ္တိများ တိုးတက်ရေးနှင့် ပျက်စီးနေသော မြေဆီလွှာနှင့် သစ်ဆွေးဓာတ်လျော့နည်းနေသော မြေဆီလွှာများ၊ မြေချဉ်ငန်ကိန်း မြင့်လွန်းသော အပူပိုင်းဒေသမြေဆီလွှာများ ပြုပြင်ရန်အတွက် သုံးစွဲရန် အထူးသင့်လျော်ပါသည်။ သက်တမ်းတိုတိုနှင့် ကြီးထွားနှုန်းမြန်ဆန်၍ မြေဆီလွှာအတွင်း သစ်ဆွေးဓာတ်နှင့် နိုက်ထရိုဂျင်ပမာဏ များများ ဖြည့်တင်းပေးသည့်အပြင် အကုန်အကျသက်သာသည့် ပိုက်ဆံလျှော်ကို ဝင်ငွေရသီးနှံများမစိုက်မီသစ်စိမ်းမြေဩဇာအဖြစ် နှစ်စဉ်စိုက်ပျိုးသင့်ပါကြောင်းသိရှိနိုင်ပါရန် ရေးသားတင်ပြအပ်ပါသည်။ ။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။





# မိမိဒေသအလိုက် ထုတ်ကုန်တွေကို ခင်းကျင်းပြသယှဉ်ပြိုင်ကြပြီး နိုင်ငံတော်အဆင့်နဲ့ လျော်ညီစွာ အဆင့်မီမီခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်



ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းထွေး

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းထုတ်ကုန်များ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများလည်း ပါဝင်မည်ဖြစ်ရာ ပြပွဲများခင်းကျင်းပြသနိုင်ရေး စီစဉ်ဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍ **ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေးဆပ်ကော်မတီ အတွင်းရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းထွေး**နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်-

**မေး။ ။ ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် MSME လုပ်ငန်းတွေပြသနိုင်ဖို့ ပြခန်းတွေဘယ်လို စီစဉ်ဆောင်ရွက်သွားမလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေးဆပ်ကော်မတီအနေနဲ့ ပြခန်းတွေ ခင်းကျင်းပြသနိုင်ရေးနဲ့စပ်လျဉ်းပြီး တည်ဆောက်ပြီးတဲ့ ပြခန်း (အကြမ်းထည်) တွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်တွေ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအသင်းက တာဝန်ခံတွေနဲ့ ချိတ်ဆက်ပြီး နေရာချထားပေးတာ၊ ပြခန်းမှာလိုအပ်တဲ့ စားပွဲ၊ ကုလားထိုင် ငှားရမ်းရေး၊ နေရာချထားရေးနဲ့ ထုတ်ကုန်ပစ္စည်းတွေ ခင်းကျင်းပြသနိုင်ရေး ကူညီဆောင်ရွက်ပေးတာ၊ ခင်းကျင်းပြသမယ့် ထုတ်ကုန်တွေ စာရင်းပြုစုတင်ပြတာတွေကို ဆောင်ရွက်ပါတယ်။ ပြခန်းတွေရဲ့ နဖူးစည်းဆိုင်းဘုတ်တွေ တစ်ပြေးညီဖြစ်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးတာ၊ ပြခန်းတွေရဲ့ လိုအပ်ချက်တွေကို အခြားဆပ်ကော်မတီတွေနဲ့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးတာနဲ့ လုပ်ငန်းကော်မတီနဲ့ ဦးစီးကော်မတီကို တင်ပြလမ်းညွှန်ချက်ခံယူတာတွေ ဆောင်ရွက်ပါတယ်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲမှာ ပြခန်း ၉၅ ခန်း ပါဝင်မှာဖြစ်ပြီး စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပါဝင်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် MSME ပြခန်း ၁၆ ခန်း၊ B to B ပြခန်း၊ ဘဏ်များအသင်း၊ Digital Conner နဲ့ ပုဂ္ဂလိကအသင်းအဖွဲ့ပြခန်း ၈ ခန်း၊ ပြန်ကြားရေးရုံးခန်းနဲ့ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (MWEA)၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက် (MYANWEN)၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း၊ မြန်မာပြည်သားစားသောက်ကုန်လုပ်ငန်း၊ အမှတ် ၃ အကြီးစားစက်မှုလုပ်ငန်း၊ မြန်မာနိုင်ငံ ဆီလုပ်ငန်းရှင်များအသင်း၊ Packaging ၊ ဝါးလားခေါက်ဆွဲ၊ ရန်ကုန်တာယာဆိုပြီး ပါဝင်မှာဖြစ်ပါတယ်။

အသေးစား စက်မှုလက်မှုပြခန်း ၁၁ ခန်း၊ သမဝါယမပြခန်း ၁၀ ခန်းနဲ့ ရိုးရာစားသောက်ဆိုင်ခန်း၊ ပြင်ပစားသောက်ဆိုင်ခန်း ၂၁ ခန်း ၊ ပြည်တွင်း ပြည်ပကုမ္ပဏီများ စက်ပစ္စည်းပြခန်း၊ မာလာမြိုင်၊ Good Brother ၊ မြန်မာ့သြဘာ၊ Myanmar New Power Motor Cycle Co., Ltd. တို့ ပါဝင်မှာဖြစ်ပါတယ်။

**မေး။ ။ MSME ပြပွဲမှာ ပါဝင်ပြသမယ့် ပြခန်းတွေက ဒေသအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်တွေကို ပါဝင်ပြသမယ်လို့ သိရှိရပါတယ်။ ဘယ်လိုထုတ်ကုန်မျိုးတွေ ပါဝင်ပြသသွားမယ်ဆိုတာ သိရှိလိုပါတယ်။**

ဖြေ။ ။ MSME ပြပွဲမှာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်တွေအနေနဲ့ ပြည်တွင်းမှာ ထုတ်လုပ်ဖြန့်ဖြူးနေတဲ့ ထုတ်ကုန်တွေအပြင် ပြည်ပကို ထုတ်လုပ်ပြီး တင်ပို့နေတဲ့ ထုတ်ကုန်တွေ ပါဝင်ပါတယ်။ အခု ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲမှာ အဓိကအားဖြင့် အမျိုးအစား (၆) မျိုးနဲ့ ပြသသွားမှာ ဖြစ်ပါတယ်။ အဲဒါတွေကတော့ ပြည်တွင်းကုန်ကြမ်းသုံးထုတ်ကုန်ပစ္စည်းတွေ၊ သွင်းကုန်အစားထိုးတန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းတွေ၊ စိုက်ပျိုးမွေးမြူရေး အခြေခံထုတ်ကုန်တွေ၊ ပြည်ပပို့ကုန်ပစ္စည်းတွေ၊ One Region One Product (OROP) ထုတ်ကုန်တွေ၊ ဒေသရိုးရာအစားအစာအရောင်းဆိုင်တွေ ပါဝင်ပြသရောင်းချမှာဖြစ်ပါတယ်။

**မေး။ ။ ဝန်ကြီးဌာနကိုယ်စားပြုပြခန်းတွေမှာ ဘယ်လိုစီစဉ်ပြသသွားမယ်ဆိုတာ ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ ဝန်ကြီးဌာနပြခန်းတွေမှာ MSME လုပ်ငန်းရှင်တွေအနေနဲ့ ချိတ်ဆက်ရမယ့် လုပ်ငန်းတွေမှာ စက်မှုဝန်ကြီးဌာနက ဘာတွေလုပ်ပေးနေသလဲ၊ ဘာတွေလုပ်ပေးနိုင်သလဲ၊ Website မှာ တင်ထားပေမယ့် မကြည့်မိတဲ့သူလည်း ရှိနိုင်တဲ့အတွက် ဝန်ကြီးဌာနပြခန်းမှာ ပြသထားခြင်းဖြင့် ပြပွဲရောက်တုန်းရောက်ခိုက်မှာ သိရှိသွားနိုင်မှာဖြစ်ပါတယ်။

စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနစတဲ့ ဝန်ကြီးဌာနတွေ၊ MSME ထုတ်ကုန်ပစ္စည်းနဲ့ ဆက်စပ်ဆောင်ရွက်လျက်ရှိတဲ့ ဝန်ကြီးဌာနတွေက လုပ်ငန်းရှင်တွေလိုအပ်တဲ့ သတင်းအချက်အလက်တွေ၊ နည်းပညာတွေ ရှင်းလင်းပြသပေးသွားမှာဖြစ်ပြီး သိရှိလိုတာတွေကို တစ်ခါတည်း အဖြေရသွားအောင် ဆောင်ရွက်ပေးသွားကြမှာ ဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကုန်ပစ္စည်းတင်ပို့တဲ့ နိုင်ငံတွေရဲ့ လိုလားချက်ကို သိရှိနိုင်ဖို့အတွက် ကုန်ပစ္စည်းတွေ တရုတ်ကိုပို့ရင် GACC ရအောင် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာကို ပြပွဲမှာ Message ပေးမှာဖြစ်ပါတယ်။

ပြခန်းတွေမှာ အမယ်သစ်ထုတ်ကုန်တွေဖြစ်တဲ့ ဝါး၊ ဝါ၊ ရော်ဘာ၊ ကော်ဖီ၊ သစ်သီးထုတ်ကုန်တွေနဲ့ ပတ်သက်တဲ့ ထုတ်ကုန်တွေကိုလည်း ထည့်သွင်းပြသသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ဒီလို MSME ပြပွဲ၊ ပြိုင်ပွဲတွေက စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ MSME တွေကို ဘယ်လို အကျိုးပြုတယ်၊ အထောက်အကူပြုတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ အခုလို MSME ပြပွဲ၊ ပြိုင်ပွဲတွေ ကျင်းပပေးခြင်းအားဖြင့် လာရောက်ကြည့်ရှုသူတွေအနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဒေသအသီးသီးက MSME ထုတ်ကုန်တွေ ဘာတွေထုတ်နေသလဲ၊ ဘယ်လောက်အထိ အရည်အသွေးပြည့်ဝသလဲဆိုတာကို မျက်မြင်သိရှိနိုင်မှာဖြစ်သလို ထုတ်လုပ်သူတွေအနေနဲ့ မိမိထုတ်ကုန်အပေါ် ဘာလိုအပ်ချက်တွေရှိတယ်၊ ဘယ်လိုထုတ်ကုန်မျိုးကို ထုတ်လုပ်သင့်တယ်၊ ဘယ်လိုထုပ်ပိုးမှုတွေ အသုံးပြုသင့်တယ်၊ ဝယ်ယူသူတွေရဲ့ ကြိုက်နှစ်သက်မှုနဲ့ ဈေးကွက်တွေကို ဘယ်လိုချဲ့ထွင်နိုင်မယ်ဆိုတာတွေကို သိရှိနိုင်မှာဖြစ်ပါတယ်။

ဒါ့အပြင် မိမိတို့ရဲ့ထုတ်ကုန်အား လုပ်ငန်းရှင်တွေကို ပြသနိုင်ပြီး ပြည်တွင်းထုတ်လုပ်မှုသာမက ပြည်ပသို့ တင်ပို့နိုင်ရေးအထိပါ ဝန်ကြီးဌာနတွေနဲ့ ဘယ်လိုချိတ်ဆက်ဆောင်ရွက်ရမယ်ဆိုတာကို သိရှိနိုင်မယ့် အခွင့်အလမ်းတွေကို ရရှိလာစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲမှာ ခင်းကျင်းပြသမယ့် MSME ထုတ်ကုန်တွေအနေနဲ့ "ပစ္စည်းချင်းတူလျှင် ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူလျှင် အရည်အသွေး ပိုကောင်းရမည်" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း မိမိဒေသအလိုက် ထုတ်ကုန်တွေကို ခင်းကျင်းပြသယှဉ်ပြိုင်ကြပြီး နိုင်ငံတော်အဆင့်နဲ့ လျော်ညီစွာ အဆင့်မီမီ ခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်။

MSME ပြိုင်ပွဲကို ပြုလုပ်ပေးခြင်းဖြင့် ထုတ်လုပ်သူတွေအနေနဲ့ မိမိတို့ရဲ့ထုတ်ကုန်ကို နိုင်ငံတော်က အသိအမှတ်ပြုတဲ့ Brand ဆုကို ရရှိသွားပြီဆိုတာနဲ့ ဂုဏ်ယူဖို့လည်းကောင်းပြီး နိုင်ငံတော်က အသိအမှတ်ပြုလိုက်တာဖြစ်တဲ့အတွက်ကြောင့် Brand ရော၊ ကုန်အမှတ်တံဆိပ်ရော ချက်ချင်းလူသိများသွားမှာ၊ ပေါက်သွားမှာ ဖြစ်ပါတယ်။ Brand ပေါက်သွားပြီဆိုတာနဲ့ ထုတ်ကုန်ကလည်း ပိုပြီးရောင်းအားတက်လာမှာဖြစ်ပါတယ်။

နိုင်ငံတော်က MSME ပြပွဲ၊ ပြိုင်ပွဲတွေ ပြုလုပ်ပေးခြင်းအားဖြင့် MSME စီးပွားရေးလုပ်ငန်းရှင်တွေအတွက် နိုင်ငံတကာစီးပွားရေး Platform တစ်ခု ဖြစ်လာစေမယ့် အကျိုးကျေးဇူးတွေကို ရရှိစေမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်တွေက ဒေသတွင်း MSME ထုတ်ကုန်တွေနဲ့ ဝန်ဆောင်မှုတွေကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ပြီး တန်ဖိုးမြင့်ထုတ်ကုန်သစ်တွေကို ပြည်တွင်းမှာ ပိုမိုသုံးစွဲနိုင်ရုံသာမက ပြည်ပသို့ ဈေးကွက်မြှင့်တင်နိုင်စေမှာဖြစ်တဲ့အပြင် စွန့်ဦးတီထွင်သူတွေရဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေလည်း ဖန်တီးပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

**မေး။ ။ ပြည်သူတွေသိရှိစေဖို့ ဖြည့်စွက်ပြောကြားချင်တာရှိရင် ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ အခုကျင်းပမယ့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲကို လာရောက်ကြည့်ရှုကြတဲ့ ပြည်သူတွေအနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးက ထုတ်ကုန်တွေကို တွေ့မြင်သိရှိခွင့်ရမယ့်အပြင် မိမိတို့ကြိုက်နှစ်သက်ရာ ကုန်ပစ္စည်းတွေကို ဖြန့်ဖြူးရောင်းချနိုင်ဖို့ အဆက်အသွယ်တွေ ရရှိလာမယ်။ ဈေးနှုန်းချိုသာစွာနဲ့ မိမိနှစ်သက်တဲ့ ပစ္စည်းတွေကို စိတ်ကြိုက်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။

**ဝင်းဝင်းမင်း၊ ဓာတ်ပုံ- ပြည့်စုံ**

# ဆောင်းရာသီဓာတ်စာ ဂေါ်ဖီမျိုးနွယ်စားစရာ

တင်ထက်ထက်ဇော်

**ဂေါ်ဖီထုပ်၊ ပဒေသာဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ ဘရိုကိုလီ (ခေါ်) ပန်းဂေါ်ဖီစိမ်း၊ ကိုက်လန် စသည့် ဟင်းရွက်ငါးမျိုးတို့သည် Cruciferous အမျိုးအစားဖြစ်သည့်အတွက် ၎င်းတို့အားလုံး ဂေါ်ဖီမျိုးနွယ်ဝင်ဟင်းရွက်ဖြစ်ပါသည်။ ရုက္ခဗေဒအမည်မှာ Brassica oleracea var.capitata ဖြစ်သည်။ ဥရောပတိုက်တောင်ပိုင်းနှင့် အာရှတိုက်အနောက်ပိုင်း မြေထဲပင်လယ်အနီး ပတ်ဝန်းကျင်များသည် ဂေါ်ဖီမျိုးနွယ်များပေါက်ရာ ပင်ရင်းဒေသများဖြစ်ကြသည်။ မြန်မာ နိုင်ငံ၏ ရေမြေသဘာဝအရ Cruciferous မျိုးနွယ်များ ရှင်သန်လွယ်ကြပြီး အေးသောဆောင်းရာသီတွင် ပေါပေါများများ ရရှိနိုင်သဖြင့် ၎င်းဂေါ်ဖီမျိုးများ သည် ဆောင်းရာသီဓာတ်စာများဖြစ်ကြသည်။**

ပင်ကိုခန္ဓာကိုယ်တွင်း အပူ(တေဇော)ဓာတ်များသူများတွင် ဆောင်းရာသီဥတု၌ အပူကန်ထွက်လာကြသဖြင့် ခံတွင်းအပူကန်နာ၊ ရေယုန်၊ ကျီးကန်းပါးစပ်၊ နှုတ်ခမ်းကွဲ၊ လည်ချောင်းနာ၊ မျက်စိနာ၊ အပူချောင်း၊ လျှာကွဲ၊ သွားနာ၊ သွားဖုံးနာ၊ အပူဖျားများ ဖြစ်လာတတ်ကြသည်။ သဘာဝတရားကြီးက ဥတုရာသီအလိုက် သဘာဝအလျောက် စီမံဖန်တီးပေးထားသော ဆောင်းရာသီဓာတ်စာ ဂေါ်ဖီမျိုးနွယ်များကို မိမိလက်တစ်ကမ်းတွင် လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ပါသည်။ ၎င်းတို့ကို ဆောင်းတွင်းကာလ နေ့စဉ်သုံးအစားအစာအဖြစ် စားသုံးပေးခြင်းဖြင့် ဆောင်းရာသီအပူကန် ဝေဒနာများကို သက်သာပျောက်ကင်းစေပါမည်။



### ဂေါ်ဖီထုပ်

Cabbage (ခေါ်) ဂေါ်ဖီထုပ်သည် အဝိုင်းပုံသဏ္ဌာန်ရှိပြီး အရွက်များဖြင့် အထပ်လိုက်ဖွဲ့စည်းထားသည်။ တချို့အရပ်ဒေသတွင် "မုန်လာထုပ်"၊ "ရွက်ထုပ်" ဟု အမျိုးမျိုးခေါ်ကြသည်။ ဂေါ်ဖီထုပ်ကို အရွက်များနှင့် အထပ်ထပ် ဖုံးအုပ်ထားသဖြင့် အတွင်းပိုင်းရှိအရွက်များမှာ နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့ရဘဲ အစိမ်းရောင်မှာ ပို၍နုနေတတ်သည်။ မြန်မာပြည်တွင် အစိမ်းရောင် (စိမ်းဖန့်ဖန့်အရောင်ရှိသော) ဂေါ်ဖီထုပ်တစ်မျိုးတည်းကိုသာ တွေ့မြင်ရလေ့ရှိသည်။ တခြားနိုင်ငံများတွင် ဂေါ်ဖီထုပ်ကို အစိမ်းရောင်၊ အနီရောင်နှင့် Savoy (ခေါ်) အရွက်အနားတွန့်ဂေါ်ဖီထုပ်ဟူ၍ အောက်ပါအတိုင်း သုံးမျိုးတွေ့မြင်ရသည်။

- အစိမ်းရောင်ဂေါ်ဖီထုပ်သည် အောက်ခြေပိုင်းတွင် အရောင်ဖျော့ပြီး အပေါ်ပိုင်းဆီသို့ တဖြည်းဖြည်း အရောင်ရင့်သွားသည်။
- အနီရောင်ဂေါ်ဖီထုပ်၏ ကြက်သွေးရောင် သို့မဟုတ် ခရမ်းရောင် အရွက်များပေါ်တွင် အဖြူရောင်အကြောများဖြင့် ယှက်သန်းနေကြသည်။
- အစိမ်းရောင်နှင့် အနီရောင်ဂေါ်ဖီထုပ်များ၏ အရွက်မျက်နှာပြင်အထက်ပိုင်းသည် ချောမွေ့နေပြီး အတန်ငယ်ကြွပ်ဆတ်ပြီး အရသာလည်းပိုကောင်းသည်။
- Savoy (ခေါ်) အရွက်အနားတွန့်ဂေါ်ဖီထုပ်၏ အရွက်များပေါ်တွင် အကြောများပိုပြီး ယှက်သန်းကာ အရွက်၏အရောင်မှာ အဝါရောင်သန်းနေသော အစိမ်းရောင်(စိမ်းဝါရောင်)ဖြစ်သည်။ ၎င်းဂေါ်ဖီထုပ်က ပို၍နူးညံ့သည်။

### ပဒေသာဂေါ်ဖီ

ပဒေသာဂေါ်ဖီသည် အပင်ရိုးတံပေါ်တွင် အပြွတ်လိုက်စီ၍ထွက်သဖြင့် မြန်မာတို့က ပဒေသာဂေါ်ဖီဟု ခေါ်ဆိုကြဟန်တူပါသည်။ တချို့အရပ်ဒေသတွင် "ဂေါ်ဖီထုပ်ငယ်"၊ "မုန်လာထုပ်ငယ်" ဟုလည်း ခေါ်ကြသည်။ ပန်းလိမ္မော်ခန့် အရွယ်အစားမျှသာရှိသည်။ သို့သော် ၎င်းမျိုးက အထက်တွင် ဖော်ပြထားသော ဂေါ်ဖီထုပ်ကဲ့သို့မဟုတ်ဘဲ အလွန်အေးသော တောင်ပေါ်ရေမြေသဘာဝကိုသာ ပိုမိုနှစ်ခြိုက်သည့်အတွက် မြန်မာပြည်အနှံ့အပြားတွင် တွေ့ရန်ခဲယဉ်းသည်။

### ပန်းဂေါ်ဖီ

အဖြူရောင်ပန်းဂေါ်ဖီသည် လက်တင်ဘာသာစကားဖြစ်သော Caulis (မုန်လာထုပ်) နှင့် flower (ပန်း) တို့ကို ပေါင်းစပ်ပြီး Cauliflower ဟု အမည်တွင်သည်။ အချို့ဒေသများတွင် "ပန်းမုန်လာ"၊ "မုန်လာပွင့်"၊ "ပန်းပွင့်" ဟုခေါ်ကြသည်။ အရောင်အားဖြင့် အဖြူ၊ လိမ္မော်၊ ခရမ်းရောင်တို့ရှိပြီး မြန်မာနိုင်ငံတွင်တော့ အဖြူရောင်ကိုသာ အများဆုံး တွေ့ရတတ်သည်။

### ပန်းဂေါ်ဖီစိမ်း

ဘရိုကိုလီ Broccoli (ခေါ်) ပန်းဂေါ်ဖီစိမ်း၏ ဇာစ်မြစ်ဒေသမှာ အီတလီနိုင်ငံဟုဆိုသော်လည်း ယခုအခါ ကမ္ဘာသုံး အစားအစာ ဟင်းသီးဟင်းရွက်ဖြစ်ပါသည်။ အတန်ငယ်အရသာသက်ကာ ၎င်းနှင့်မျိုးနွယ်တူ ဂေါ်ဖီထုပ်နှင့် ပန်းဂေါ်ဖီ(အဖြူ) တို့ထက်ပိုနူးညံ့ပြီး အရသာပိုကောင်းသဖြင့် ပန်းဂေါ်ဖီစိမ်းကို Super Vegetable ဟု ခေါ်ကြသည်။ မြန်မာနိုင်ငံတွင်တော့ ရှားပါးသည့် တန်ဖိုးကြီးဟင်းရွက်ဖြစ်သည်။

### ကိုက်လန်

စိမ်းရောင်ခြယ် အရွက်ဖားဖား ကိုက်လန်(Kale) ကို မြန်မာနိုင်ငံတွင် ဥတုရာသီမရွေးရရှိနိုင်ပြီး ဆောင်းဥတုရောက်သည့်အခါ ရာသီဥတု ပိုအေးလာလေ၊ အရွက်ရင့်လေ အရသာလည်းပိုချိုလေ ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါနှင့် ဂေါ်ဖီမျိုးနွယ်အစွမ်း

ကိုဗစ်-၁၉ ရောဂါကိုဖြစ်စေသော ကိုရိုနာဗိုင်းရပ်စ်ပိုးသည်အောက်ဆီဂျင်ကို တွန်းလှန်နိုင်စွမ်း မရှိပေ။ ထို့ကြောင့် ၎င်းပိုးများကို ခုခံနိုင်ရန်အတွက် မိမိခန္ဓာကိုယ်ထဲမှာ အောက်ဆီဂျင်ပြည့်ဝနေရန် လိုပါသည်။ Cruciferous ဂေါ်ဖီမျိုးနွယ်တို့သည့် စိမ်းရောင်ခြယ်ဟင်းရွက်များဖြစ်၍ သဘာဝကလိုရိုဖီးဓာတ်များစွာပါရှိနေသဖြင့် ၎င်းတို့ကို စားသုံးခြင်းဖြင့် လူ့ခန္ဓာကိုယ်အတွက် လိုအပ်နေသော အောက်ဆီဂျင်ကို အပြည့်အဝရရှိနိုင်ပါသည်။

### အဝလွန်ရောဂါနှင့် ဂေါ်ဖီမျိုးနွယ်အစွမ်း

အမျှင်ဓာတ်နှင့် ဗီတာမင်စီတို့ ပေါများသည့်အတွက်လည်း အဝလွန်သူများနှင့် ကိုယ်အလေးချိန်လျှော့ချလိုသူများအနေဖြင့် ဂေါ်ဖီမျိုးနွယ်တို့ကို နေ့စဉ်သုံး အစားအစာအဖြစ် စားသုံးပေးသင့်ပါသည်။ ထို့ပြင် အစာခြေစနစ်ကို ကောင်းစွာလုပ်ဆောင်စေသဖြင့် ဝမ်းမှန်စေပြီး လူတချို့တွင် ဖြစ်လေ့ရှိသော ဆောင်းရာသီ ဝမ်းချုပ်ရောဂါကို ကောင်းစွာကုသပေးနိုင်သည်။

### အူကင်ဆာ၊ အူမကြီးကင်ဆာတို့အတွက် ဂေါ်ဖီမျိုးနွယ်အစွမ်း

လတ်တလော စမ်းသပ်တွေ့ရှိချက်အသစ်အရ ဂေါ်ဖီထုပ်၊ ပဒေသာဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ ဘရိုကိုလီ (ခေါ်) ပန်းဂေါ်ဖီစိမ်း၊ ကိုက်လန် စသည့် ဟင်းရွက်ငါးမျိုးတို့သည် အူကင်ဆာနှင့် အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်ဟု သိပ္ပံပညာရှင်များက အတည်ပြုခဲ့သည်။ ၎င်းဂေါ်ဖီမျိုးနွယ်ဟင်းရွက်များသည် အူလမ်းကြောင်းအတွက် ကောင်းကျိုးပြုသည့် အစားအစာများဖြစ်သည်ဆိုသည်ကို အငြင်းပွားသူမရှိ သဘောတူညီခဲ့ကြသည်မှာ ကြာမြင့်နေပြီဖြစ်သော်လည်း အူကင်ဆာနှင့် အူမကြီးကင်ဆာများကို ကာကွယ်နိုင်သည်ဆိုသည့် အဆင့်အထိ သက်သေပြရန် ယခင်က အနည်းငယ် အခက်တွေ့ခဲ့ကြသည်။

အဆိုပါ ဟင်းရွက်များသည် လူ့အစာအိမ်ထဲရောက်ရှိပြီးနောက် အစာကျေညက်သွားချိန်တွင် ကင်ဆာဆန့်ကျင် ဓာတုပစ္စည်းများကို အလိုအလျောက် ထုတ်လုပ်ပေးကြောင်း အင်္ဂလန်နိုင်ငံရှိ Francis Crick Institute သုတေသနအဖွဲ့က သက်သေပြလိုက်ပြီဖြစ်သည်။ ၎င်းဟင်းရွက်များသည် အူနံရံများကို မည်သို့ပြောင်းလဲပေးနိုင်သည်ဆိုသည်ကို Francis Crick Institute က သုတေသနပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ဂေါ်ဖီနွယ်ဝင် ဟင်းရွက်များကို အစာခြေလိုက်သည့်အခါတွင် အင်ဒိုးသရီးကာဘင်နော့ဆိုသည့် ဓာတ်ပစ္စည်းထွက်ရှိလာပြီး ၎င်းဓာတ်ကို အစာအိမ်ထဲရှိအက်စစ်က မွမ်းမံပြုပြင်လိုက်ပြီးနောက် အစာခြေစနစ်အတိုင်း ဆက်လက်ဆောင်ရွက်ကာ အူမကြီးအောက်ပိုင်းကို ရောက်သွားသည့်အခါ ယင်းအာဟာရဓာတ်သည် ပင်မကလာပ်စည်း၏ လုပ်ငန်းဆောင်ရွက်ပုံဟန်ပန်ကို ပြုပြင်ပြောင်းလဲပေးလိုက်ခြင်းဖြစ်သည်။ အင်ဒိုးသရီးကာ ဘင်နော့ဓာတ်နှင့် အကာအကွယ်ပေးမထားသည့် အခါတွင်မူ အူအတွင်းရှိ ကလာပ်စည်းများသည် ထိန်းမရဘဲပြိုကွဲကုန်ပြီး အူလုပ်ငန်းစဉ်များ မမှန်မကန်ဖြစ်လာကာ အူရောင်ရောဂါမှသည် ကင်ဆာအထိ ဖြစ်ပွားနိုင်သည်ဟု အတည်ပြုထားသည်။

ထို့ကြောင့် ဂေါ်ဖီမျိုးနွယ်ဝင်များကို မကြာမကြာ စားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်ကို အဆိပ်အတောက်ပြေစေကာ ကင်ဆာရောဂါများ ဖြစ်မလာအောင် ထိထိရောက်ရောက် ဟန့်တားပေးနိုင်သည်။

### သတိပြုရန်

ဂေါ်ဖီမျိုးနွယ်တို့သည် အရသာရှိပြီး ကျန်းမာစေသည်မှန်သော်လည်း လေပွစေတတ်သော ဟင်းရွက်မျိုးဖြစ်၍ လေပွတတ်သူများ အလွန်အကျွံ မစားသင့်ပေ။ (ကျေညက်အောင်ဝါးစားပြီး ရေများများသောက်ပေးပါက လေပွသက်သာစေသည်)

ဈေးကွက်ထဲမရောက်မီ စိုက်ခင်းထဲတွင် ပိုးသတ်ဆေးဖျန်းထားတတ်သဖြင့် အော်ဂဲနစ်မျိုးကိုသာ ရွေးဝယ်သင့်သည်။ စိတ်အချရဆုံးမှာ ဟင်းလျာမစီမံခင် အနေတော်အတုံးလေးများတုံးပြီး ရှာလကာရည် သို့မဟုတ် ဆားရည်ဖြင့် ဆေးသင့်ပါသည်။ ဂေါ်ဖီမျိုးနွယ်တို့သည် Goitrogens ဓာတ်ပါရှိ၍ သိုင်းရွိုက်ရောဂါသည်များ မစားသင့်ပေ။ မြေပြင်တွင်ကပ်၍ ပေါက်နေသည့်အတွက် ဗက်တီးရီးယားပိုးမွှား ကင်းစင်စေရန်အတွက် ဂေါ်ဖီထုပ်၊ ပဒေသာဂေါ်ဖီတို့ကို တစ်လွှာချင်းဖြန့်၍ ရေများများသုံးကာ သန့်စင်ပေးပါ။

အချုပ်အားဖြင့်ဆိုသော် လူသားအကျိုးပြု ဗီတာမင်နှင့် သတ္တုဓာတ်ပေါကြွယ်ဝသည့် အထက်ဖော်ပြပါ ဂေါ်ဖီမျိုးနွယ်ဟင်းရွက်များကို သူ့တစ်မျိုးတည်း သက်သတ်လွတ် ချက်ပြုတ်ကြော်စားရုံဖြင့် အရသာရှိကာ ကျန်းမာရေးနှင့် ညီညွတ်စေသလို နှစ်သက်ရာ အသား၊ ပုစွန်၊ ပင်လယ်စာ၊ ကြက်ဥ၊ ဘဲဥတို့ဖြင့် ချက်ပြုတ်ကြော်စားခြင်းဖြင့် အရသာလည်းပို၊ အာဟာရလည်း ပြည့်စုံစေမည်ဖြစ်ပါသည်။

သို့ပါ၍ အေးသောဆောင်းရာသီတွင် ပေါပေါများများရရှိနိုင်သဖြင့် မိမိလက်တစ်ကမ်းတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး ဈေးနှုန်းလည်းသက်သာ၊ ချက်ပြုတ်ရာတွင်လည်း အလုပ်မရှုပ်စေဘဲ ဘေးထွက်ဆိုးကျိုးမရှိ ကျန်းမာရေးအတွက် အထောက်အကူပြုသော ဆောင်းရာသီဓာတ်စာ ဂေါ်ဖီမျိုးနွယ်များကို "အစာလည်းဆေး၊ ဆေးလည်းအစာ" ဆိုသကဲ့သို့ အရသာရှိရှိ စားသုံးပေးကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

**❝ အမျှင်ဓာတ်နှင့် ဗီတာမင်စီတို့ပေါများသည့်အတွက်လည်း အဝလွန်သူများနှင့် ကိုယ်အလေးချိန်လျှော့ချလိုသူများအနေဖြင့် ဂေါ်ဖီမျိုးနွယ်တို့ကို နေ့စဉ်သုံးအစားအစာအဖြစ် စားသုံးပေးသင့်ပါသည်။ ထို့ပြင် အစာခြေစနစ်ကို ကောင်းစွာလုပ်ဆောင်စေသဖြင့် ဝမ်းမှန်စေပြီး လူတချို့တွင် ဖြစ်လေ့ရှိသော ဆောင်းရာသီဝမ်းချုပ်ရောဂါကို ကောင်းစွာကုသပေးနိုင် ❞**

# တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်လျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းနှင့် ဓမ္မာရုံတည်ဆောက်ရန်တွက် အလှူငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါအိမ်ရာခန်းမ၌ပြုလုပ်ရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ (ယာပုံ) ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စစ်မှုထမ်းဟောင်းအဖွဲ့များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ အဆိုပါအိမ်ရာ၌ ဓမ္မာရုံဆောက်လုပ်ရန်အတွက် အလှူငွေများနှင့် ဘိလပ်မြေအိတ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အေးသာယာမြို့ မင်းကျန်စစ် စစ်မှုထမ်းဟောင်းအိမ်ရာရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အဆိုပါအိမ်ရာရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေး အဖွဲ့က အဆိုပါမြို့ရှိ ခေမာသီဝံ ပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၇၄ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေ ရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မင်းဘူးမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**မင်းဘူး ဇန်နဝါရီ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ဒေသခံပြည်သူများ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး နှိုးဆော်ခြင်းကို ဇန်နဝါရီ ၂၉ ရက်က မင်းဘူးမြို့ပေါ် ရပ်ကွက်များအတွင်း လှည့်လည်ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်း၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်စခန်းမှ လက်ထောက်မီးသတ် ဦးစီးမှူး ဦးရဲသီဟကျော်နှင့် သန္နိမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ နေအိမ်များ၌ မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ရေပုံး၊ မီးသတ်ဆေးဘူးများ အရန်သင့် စီစဉ်ဆောင်ရွက်ထားရှိရေးနှင့် မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်များကို အသံချဲ့စက်ဖြင့် လိုက်လံ သတိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**



## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟိုပုံးမြို့နယ်၌ လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကျင်းပ

**ဟိုပုံး ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းပါ လုပ်ငန်းထူထောင်မည့်သူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနသည် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ မြင့်မားလာစေရေးနှင့် ဝင်ငွေတိုးပွားရေးလာစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်ပြီး အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၆၀ ကို သုံးစွဲခဲ့ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိသည့် ကျေးရွာခြောက်ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ အကောင်အထည်ဖော်နိုင်မှုအနေဖြင့် သင်တန်းသား ၆၀ ကို သင်ကြားပေးနိုင်ခဲ့ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းထူထောင်နိုင်သူ ၁၅ ဦးရှိခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာခြောက်ရွာ လျာထားအကောင်အထည်ဖော် လျက်ရှိကြောင်း၊ ဘဏ္ဍာငွေသုံးစွဲမှုအနေဖြင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ် ၁၂ သန်းနှုန်းဖြင့် ကျေးရွာခြောက်ရွာအတွက် ငွေကျပ် ၇၂ သန်းသုံးစွဲမည်ဖြစ်ကြောင်း၊ ယခုနှစ် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဒေသအလိုက် ဟိုပုံးမြို့နယ်မှ သုံးခု၊ ဆီဆိုင်မြို့နယ်မှ တစ်ခု၊ ပင်လောင်းမြို့နယ်မှ နှစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခမ်းအနားတွင် စီမံကိန်းသင်တန်းခြောက်ခုမှ လုပ်ငန်းထူထောင်လုပ်ကိုင်မည့် ထူးချွန်သင်တန်းသား ၃၀ အတွက် လုပ်ငန်းသုံးပစ္စည်းအမယ် ၁၂ မျိုး၊ လုပ်ငန်းသုံးပစ္စည်းအရေအတွက် ၆၀ ကို ပေးအပ်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ယခုလို MSMEs လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဟိုပုံး တပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းနိုင်၊ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်ထူးတို့က ဟိုပုံးမြို့၊ အရှေ့ရပ်ကွက်မှ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး စီမံကိန်းအစီအစဉ်ဖြင့် ဆောင်ရွက်သည့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်း သင်တန်းသားများကို လည်းကောင်း၊ ဟိုပုံးမြို့ အရှေ့ရပ်ကွက်မှ အစားထိုး အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေး စီမံကိန်းအစီအစဉ်ဖြင့် ဆောင်ရွက်သည့် စက်ချုပ်နည်းပညာ သင်တန်း သင်တန်းသူများကို လည်းကောင်း၊ ဟိုပုံးမြို့ ရန်ကင်းကျေးရွာမှ ဒေသတစ်ခု ထုတ်ကုန်တစ်ခုဆောင်ရွက်မည့် စီမံကိန်းအစီအစဉ်ဖြင့်ဆောင်ရွက်သည့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း သင်တန်းသားများကိုလည်းကောင်း၊ ဆီဆိုင်မြို့နယ် ဘုရားဖြူကျေးရွာမှ ဘေးဒဏ်သင့်ပြည်သူများအတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေး စီမံကိန်းအစီအစဉ်ဖြင့် ဆောင်ရွက်သည့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းသားများကို လည်းကောင်း၊ ပင်လောင်းမြို့နယ် ဘုရားကုန်းကျေးရွာမှ အစားထိုး အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးစီမံကိန်းအစီအစဉ်ဖြင့် ဆောင်ရွက်သည့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းသားများကို လည်းကောင်း၊ ပင်လောင်းမြို့နယ် နောင်မွန်းကျေးရွာမှ အစားထိုး အသေးစား ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေးစီမံကိန်းအစီအစဉ်ဖြင့်ဆောင်ရွက်သည့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းသားများကို လည်းကောင်း လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**

- **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ပတ်လမ်း နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်

**ဘားအံ ဇန်နဝါရီ ၃၀**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ အမှတ်(၄၊ ၆၊ ၇)ရပ်ကွက်များကို ဆက်သွယ်ဖောက်လုပ်ထားသော ဘားအံမြို့ပတ်လမ်း နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက အမှတ်(၇)ရပ်ကွက် ဘားအံ-ထုံးအိုင်လမ်းနှင့် ဘားအံမြို့ပတ်လမ်းဆုံ၌ ကျင်းပသည်။

လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက လမ်း၊ တံတားများ ရေရှည်တည်တံ့ကောင်းမွန်စေရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လှပရေးအတွက် ရပ်ကွက်နေပြည်သူများမှ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းပြောကြားပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးသူရမြင့်သူတို့က ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၂၂၂ ဒသမ ၀၉၆ သန်းဖြင့် မြို့ပတ်လမ်းအစ သီရိလမ်းထိပ်မှ ဘားအံ-ထုံးအိုင်လမ်းအထိ အရှည် ၃၃၆၃ ပေ၊ အကျယ် ၂၄ ပေ ရှိ နိုင်ကွန်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဘားအံမြို့ပတ်လမ်းသစ်ကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ လုပ်ငန်းရပ်ခြောက်ခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး မြေသားလမ်းလုပ်ငန်း၊ ကျောက်စီမြေထိန်းနံရံပြုလုပ်ခြင်းလုပ်ငန်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်း၊ ရေမြောင်းပလက်ဖောင်းပြုလုပ်ခြင်းလုပ်ငန်း၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းတို့ကို ၂၀၂၄ ခုနှစ် ဧပြီ ၂၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ပြီးစီး၍ ယနေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

မြို့ပတ်လမ်းသစ်သည် ဘားအံမြို့ကိုဖြတ်သန်းသွားသော အာဆီယံလမ်းမကြီးဖြစ်သည့် ဘားအံ-ထုံးအိုင် လမ်းနှင့် မြို့တွင်းသို့ဆက်သွယ်ဖောက်လုပ်ထားပြီး မြို့ပြအင်္ဂါရပ်နှင့်ကိုက်ညီသော လမ်း



တစ်လမ်းဖြစ်ကာ ဒေသခံပြည်သူများသွားလာရေး ပိုမိုလွယ်ကူစေပြီး လူမှုစီးပွားကဏ္ဍအတွက် များစွာအကျိုးကျေးဇူးဖြစ်ထွန်းစေသည့်အပြင် ဘားအံမြို့၏ဂုဏ်ကိုပိုမိုမြှင့်တင်မည်ဖြစ်ကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လမ်းဖွင့်ပွဲသို့တက်ရောက်လာသော ဒေသခံပြည်သူများသည် အဆိုပါလမ်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်္ဂလာဒုံမြို့နယ် ပဲခူးလမ်း(ထောက်ကြန့်လမ်းဆုံမှမြို့ပတ်လမ်းအထိ)ကတ္တရာကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၀**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် မင်္ဂလာဒုံမြို့နယ် ပဲခူးလမ်း (ထောက်ကြန့်လမ်းဆုံမှ မြို့ပတ်လမ်းအထိ) ကတ္တရာကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးလမ်းနှင့် မြို့ပတ်လမ်းဆုံအနီး ဖွင့်ပွဲမုခ်ဦးနေရာ၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားအား ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးလင်းခိုင်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ပေးသော အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်းသူရိယလှသောင်းကျောင်း) မှ ဘင်ခရာအဖွဲ့များအား စည်ပင်သာယာရေးဝန်ကြီး(မြို့တော်ဝန်) ဦးဗိုလ်ဌေးက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ဆုံနှုတ်ဆက်ကြသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ၏ လုပ်ငန်းတာဝန်များတွင် ပါဝင်သောမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ` လမ်းများတည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်များအလိုက် လျာထားတင်ပြပြီး ဆောင်ရွက်လျက်ရှိရာ ယခု မင်္ဂလာဒုံမြို့နယ် ပဲခူးလမ်း (ထောက်ကြန့်လမ်းဆုံမှ မြို့ပတ်လမ်းအထိ) သည် ရန်ကုန်မြို့သို့လာရောက်သော အဓိကလမ်းမကြီးများတွင်ပါဝင်ပြီး လမ်းအသုံးပြုမှု သက်တမ်းကြာမြင့်နေပြီဖြစ်၍ အရှည် ပေ ၄၉၀၀၊ အကျယ် ၇၂ ပေရှိ ကတ္တရာ ကွန်ကရစ် ထပ်ပိုးလွှာခင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် ကချင်ပြည်နယ်ရှိ မြစ်ကြီးနားဘူတာ၊ ဘူတာယာဒ်ဝင်းနှင့် ဒီဇယ်စက်ခေါင်းပြင်ရုံ(မြစ်ကြီးနား)တို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၉ ရက်က မြစ်ကြီးနားဘူတာနှင့် ဘူတာယာဒ်ဝင်းတို့၏ အခြေအနေ၊ ဝန်ထမ်းနေအိမ်လိုင်းခန်းများ၊ တွဲပြင်ရုံနှင့် ဒီဇယ်စက်ခေါင်းပြင်ရုံ(မြစ်ကြီးနား) တို့၏ အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ဘူတာ၊ ဘူတာယာဒ်ဝင်းနှင့် ဘူတာယာဒ်ဝင်းရှိ ဝန်ထမ်းနေအိမ် လိုင်းခန်းများအတွင်း သန့်ရှင်း သပ်ရပ်မှုရှိစေရေး ဆောင်ရွက်ရန်နှင့် အိမ်ရာကြီးကြပ်ရေးအဖွဲ့ စနစ်တကျဖွဲ့စည်း၍ ပုံမှန်စစ်ဆေးပြီး ပျက်စီးမှုများကို ပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်၊ စစ်ဆေးပြုပြင်ရန် အချိန်ကျရောက်သည့် ကုန်တွဲများ၊ လူစီးတွဲများကို ပုံမှန်စစ်ဆေးပြုပြင်သွားရန်၊ လူစီးတွဲများအတွင်းရှိ ထိုင်ခုံများနှင့် လူစီးတွဲကိုယ်ထည်များ ပျက်စီးမှုမရှိစေရေး ထိန်းသိမ်းကြပ်မတ်ရန်၊ စက်ရုံတွင် ထိန်းသိမ်းထားသည့် စက်ခေါင်းများ၊ တွဲများနှင့် RBE ရထားတွဲများ၏ ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးခြင်းများ ပြုလုပ်သွားရန်၊ ဝန်ထမ်းများ အရည်အသွေးနှင့် ကျွမ်းကျင်မှု တိုးတက်စေရေး၊ စက်ရုံရှိ စက်ကိရိယာပစ္စည်းများ ရေရှည်ကြံ့ခိုင် ကောင်းမွန်စေရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ... 



ရေး ထိန်းသိမ်းကြပ်မတ်ရန်၊ စက်ရုံတွင် ထိန်းသိမ်းထားသည့် စက်ခေါင်းများ၊ တွဲများနှင့် RBE ရထားတွဲများ၏ ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးခြင်းများ ပြုလုပ်သွားရန်၊ ဝန်ထမ်းများ အရည်အသွေးနှင့် ကျွမ်းကျင်မှု တိုးတက်စေရေး၊ စက်ရုံရှိ စက်ကိရိယာပစ္စည်းများ ရေရှည်ကြံ့ခိုင် ကောင်းမွန်စေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးစနစ်တကျ စီမံဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့မီးရထားတိုင်းအဆင့် အရာထမ်းဝန်ထမ်းများ၊ မြန်မာ့မီးရထား ရဲတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍မိမိတိုင်းနယ်မြေအတွင်း ဘူတာယာဒ်ဝင်းနှင့် ရထားလမ်းတစ်လျှောက်ရှိ မြန်မာ့မီးရထားဌာနပိုင်ပစ္စည်းများ ပျောက်ဆုံး၊ ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေး ရထားရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

○ *ကျောဖုံးမှ*

မြန်မာဖိုက်တာ မိုးထက်အောင်က ထိုင်းဖိုက်တာ ဆာမင်ဒမ်၊ စူပါရေချမ်းက ထိုင်းဖိုက်တာ ဒန့်ခ်၊ အဲမ္ဘိက ဂျပန်ဖိုက်တာ မူဂါဆီတိုနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ မြန်မာဖိုက်တာများအနက် အဲမ္ဘိက ပွဲစဉ် (၄)၊ စူပါရေချမ်းက ပွဲစဉ် (၈) နှင့် မိုးထက်အောင်က ပွဲစဉ် (၉) တွင် ထိုးသတ်ရမည်ဖြစ်သည်။ မိုးထက်အောင်သည် ၂၀၂၄ ခုနှစ်တွင် ONE နှင့် စတင် လက်တွဲခဲ့ပြီး မတ် ၂၉ ရက်တွင် ထိုးသတ်သည့် ONE Friday Fights 57 ပြိုင်ပွဲတွင် ဂျပန်ဖိုက်တာ တိုမိုယာ၊ ဇွန် ၁၄ ရက်တွင် ထိုးသတ်သည့် ONE Friday Fights 67 ပြိုင်ပွဲတွင် ဂျပန်ဖိုက်တာ ကာဇူကီတို့ကို အနိုင်ရထားသည်။ မြန်မာဖိုက်တာ အဲမ္ဘိသည် ၂၀၂၄ ခုနှစ်တွင် ONE နှင့် စတင် လက်တွဲခဲ့ပြီး ဩဂုတ် ၂၃ ရက်တွင် ထိုးသတ်သည့် ONE Friday Fights 76 ပြိုင်ပွဲတွင် ဂျပန်ဖိုက်တာ တာကာဇိုနိုကို ဒုတိယအချီတွင် အလဲထိုးအနိုင်ရသော်လည်း အောက်တိုဘာ ၂၅ ရက်က ထိုးသတ်သည့် ONE Friday Fights 84 ပြိုင်ပွဲတွင် ဂမ်ဘီယာဖိုက်တာ အိုမာ ကို အမှတ်ဖြင့် အရေးနိမ့်ထားသည်။ စူပါရေချမ်းသည် ONE နှင့် တစ်ပွဲသာထိုးသတ်ရသေးပြီး ထိုင်းဖိုက်တာ ဆူတင်ကို အမှတ်ဖြင့် အရေးနိမ့်ထားသည်။ **ညီမြတ်သော်တာ**

**ဓာတ်ပုံ-ONE Championship**

**ကျေးရွာသစ်တော၊**
**ထင်းမျောအိမ်တိုင်၊**
**လှိုင်လှိုင်ရဖို့၊ စိုက်ပျိုးစို့။**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ကိုကိုးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၀**

တနင်္သာရီကမ်းရိုးတန်း ဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ကိုကိုးကျွန်းမြို့သို့ ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်၊ ကိုကိုးကျွန်းမြို့၊ မြို့နယ်ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ကိုကိုးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၆၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၈၅ ဦး၊ ခွဲစိတ်ရောဂါ ၂၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၁၉ ဦး၊ အရိုးရောဂါ ၄၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၂ ဦး၊ မျက်စိရောဂါ ၁၂၂ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ခတ်မှန်ရိုက် လူနာ ၁၂ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ ရှစ်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည်–

"အမှတ်(၁) ရပ်ကွက်ကပါ၊ ဆေးကုသမှုခံယူရတာက အခုလိုလာပြီး ကုသပေးတဲ့ အတွက်ကြောင့်မို့လို့ ဒီမှာက လမ်းပန်းဆက်သွယ်ရေးက ခက်ခဲတဲ့အတွက်ကြောင့် လာပြတာပါ၊ အားလုံးအတွက် အဆင်ပြေကြပါတယ်။ သွားရလာရတာလည်း မရှိဘူးဆိုတော့ အကုန်အကျလည်း သက်သာသွားပါတယ်။ ကျွန်မက အမျိုးသမီးရောဂါနဲ့ လာပြတာပါ၊ ဒေသခံတစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် အခုလိုလာကုသပေးတာဆိုရင် ကျွန်မတို့အနေနဲ့ ရန်ကုန်ကိုလည်း သွားစရာမလိုတော့ပါဘူး။ အဲဒီအတွက် ကုန်ကျစရိတ်တွေလည်း အများကြီး သက်သာသွားတယ်။ ဒီမှာလည်းအကုန်လုံးကို စမ်းသပ်ကုသပေးတဲ့အတွက် အားလုံးအဆင်ပြေကြပါတယ်။ အခမဲ့လာကုသပေးတဲ့ အတွက်လည်း ဒီကျွန်းသားတွေ ငွေကုန်ကြေးကျသက်သာတဲ့အတွက် အားလုံးအဆင်ပြေကြပါတယ်။ အခုလိုလာရောက် ကုသပေးတဲ့အတွက်လည်းကျေးဇူးတင်ပါတယ်။ နောက်နှစ်တွေမှာလည်း လာရောက်ကုသပေးဖို့ တောင်းဆိုပါတယ်။"







"ကျွန်မက ရပ်ကွက်(၂)က လာပြတာပါ။ အမေ့ကို အမျိုးသမီးရောဂါလာပြပေးတာ၊ အဖေ့ကို မျက်စိလာပြပေးတာပါ။ အဖေဆိုလို့ရှိရင်မျက်စိက တိမ်ဖြစ်နေလား ဘာဖြစ်နေလည်း စမ်းသပ်ဖို့က ခေတ်မီစက်ကိရိယာတွေလည်းမရှိဘူး။ ကျွန်းမှာဒီလိုလွယ်လွယ်ကူကူနဲ့ စမ်းသပ်လို့မရတဲ့အတွက် အခုလိုသင်္ဘောကြီးလာတဲ့အခါမှာ အလွယ်တကူနဲ့ ဘာရောဂါရှိတယ်ဆိုတာ သိသွားတယ်။ ကိုယ်လည်းကုသလို့အဆင်ပြေသွားတယ်ဆိုတော့ ရင်ထဲမှာ ဝမ်းလည်း ဝမ်းသာမိပါတယ်။ တော်တော်လေး အဆင်ပြေသွားတယ်။ ကျွန်မတို့အနေနဲ့ ရန်ကုန်တစ်ခေါက်သွားဖို့ဆိုတာ လမ်းပန်းဆက်သွယ်ရေးလည်း အခက်အခဲဖြစ်တယ်၊ နောက်ပြီး ငွေရေးကြေးရေးလည်းရှိတယ်။ ငွေကြေးအနေနဲ့ဆိုရင် အခုခေတ်ကာလနဲ့ဆိုရင် အများကြီးကုန်ကျမှာ။ အဲဒီအတွက်ကို အစစအရာရာ အဆင်ပြေသွားတယ်။ ရန်ကုန်သွားမယ်ဆို နေစရာလည်းပူရမယ်။ စားစရာလည်းပူရမယ်။ ဆေးရုံစရိတ်လည်း ပူရမယ်။ အခုလိုလာကုပေးတဲ့အတွက် အလွန်ကိုဝမ်းသာပါတယ်။ နိုင်ငံတော်အကြီးအကဲတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ နိုင်ငံတော်အကြီးအကဲကလည်း ကျွန်မတို့ကိုကိုးကျွန်းကို သတိတရနဲ့ အခုလိုလွှတ်ပေးပြီး စီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ဆီကို တကူးတကနဲ့ လာကုသပေးတယ်၊ နွေးနွေးထွေးထွေးနဲ့လာပြီး စမ်းသပ်ကုသပေးတဲ့အတွက်လည်း အားလုံးကို ကျေးဇူးတင်ပါတယ်။ တစ်နှစ်ကို တစ်ကြိမ်၊ နှစ်ကြိမ်လောက် လာစေချင်ပါတယ်" ဟု ဆိုသည်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဒေးဒရဲမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အမှတ်(၁)ရပ်ကွက်သို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဒေးဒရဲမြို့နယ် အမှတ်(၁) ရပ်ကွက် ဆုတောင်းပြည့်ရွှေဘုန်းမြင့်စေတီတော်၊ မြို့လယ်သိတန်ဆောင်းကြီးတွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၄၆ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၄ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၆ ဦး၊ ကလေးရောဂါ ၂၁ ဦး၊ အရိုးရောဂါ ၈၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၃ ဦး၊ မျက်စိရောဂါ ၉၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာနှစ်ဦး၊ ဓာတ်မှန်ရိုက် လူနာ ၁၉ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၂ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာ သုံးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် မြို့နယ်ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည်–




"ကျွန်တော်က ဒူးနာတယ်၊ ခါးနာတယ်။ ဆီးချိုသွေးချိုလဲရှိလို့ အားကိုးပြီးလာပြတာပါ။ အားရဝမ်းသာရှိပါတယ်။ မကုနိုင်သေးတဲ့သူတွေလဲကုနိုင်မယ်။ ကုနိုင်တဲ့သူလဲကုလို့ရမယ်။ အယုတ်အလတ် အမြတ်မရွေး ကုနိုင်တဲ့အတွက် အားကိုးပါတယ်။ အခုလိုနယ်လှည့်ပြီးကုတဲ့ ဆရာဝန်တွေကို အထူးပဲကျေးဇူးတင်ပါတယ်။ နောင်လဲလာခဲ့ပါဦးလို့ ဖိတ်ခေါ်ပါတယ်။"

"ကျွန်မ အရိုးအကြောပြချင်လို့။ လက်ကကိုက်ကိုက်နေလို့ ဘောပင်တောင် မကိုင်နိုင်ဘူး။ အခါအခွင့် ကြုံကြိုက်တုန်းလေး လာပြလိုက်တာပါ။ တော်ရုံ တန်ရုံ ဆေးခန်းကို သီးသန့်ကြီးသွားပြီး တော့မပြဖြစ်လို့ အခုလိုနယ်လှည့်ဆေးကုသရေးအဖွဲ့ လာရောက်ကုသပေးတဲ့ အတွက်ကြောင့် ရောဂါဝေဒနာတွေ သက်သာပျောက်ကင်းသွားလို့ မိသားစုလည်း စိတ်ချမ်းသာမှုတွေရမယ်လို့ မျှော်လင့်ပါတယ်။ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျွန်မတို့ ဒေးဒရဲမြို့နယ်အပြင် နယ်တကာကိုလာရောက် ဆေးကုသပေးတဲ့ အတွက်ကြောင့် မို့လို့ ကျွန်မကနေစပြီး လာရောက်ဆေးကုသကြတဲ့




ပြည်သူ ပြည်သားတွေ အားလုံးရဲ့ ကိုယ်စား အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကျန်းမာရေးကောင်းမှ မိသားစုစိတ်ချမ်းသာမယ်၊ အဆင်ပြေမယ်။ အဲ့တာကြောင့်မို့လို့ အထူးကျေးဇူးတင်ရှိပါတယ်လို့ ပြောချင်ပါတယ်။ "

"ကျွန်တော့်လက် အကြောတင်လို့လာခဲ့တာပါ။ အကြောတင်တာ နှစ်လကျော်လောက် ရှိသွား




ပါပြီ။ လက်က ကိုင်လို့ပြုလို့မရဘူး။ အလေးအပင်လည်း မလို့မရဘူး။ ကိုက်ခဲနေလို့ လာခွဲရတာပါ။ ဒီရောက်တော့ ဆရာဝန်တွေက တစ်နေရာနဲ့တစ်နေရာ အဆင်ပြေအောင် လိုက်လုပ်ပေးတယ်။ အကုန်လုံးကို ခွဲစိတ်တဲ့ နေရာကအစ အဆင်ပြေအောင်လုပ်ပေးတယ်။ အားလုံးအတွက်အဆင်ပြေအောင်လုပ်ပေးပါတယ်။ ဒီမှာကကုတာတော့ ပိုက်ဆံလဲ မကုန်ဘူးပေ့ါ။ ဆက်ဆံတာလည်း ကောင်းတယ်။ လုပ်ပေးတာလည်း ကောင်းတယ်။ ဆီးချိုမစစ်ချင်ဘူး ဆိုလဲသူတို့က စစ်ပေးတယ်။ အကုန်လုံးပိုသိရအောင် စစ်ပေးတယ်။ နောက်လည်း ဆက်ပြီးတော့ပြခွင့်ရရင် ပိုတော့အဆင်ပြေပါတယ်။ လာလဲလာစေချင်သေးပါတယ်"ဟု ဆိုသည်။

**သတင်းစဉ်**

# ဝါရှင်တန်ဒီစီ၌ ခရီးသည်တင်လေယာဉ်နှင့် တပ်မတော်ရဟတ်ယာဉ်တို့ တိုက်မိပြီး ပျက်ကျ၊ သေဆုံးသူ ၁၈ ဦးကို ပြန်လည်တွေ့ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၃၀**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီရှိ ရေဂင်အမျိုးသားလေဆိပ်အနီး၌ ခရီးသည်တင်လေယာဉ်တစ်စင်းနှင့် တပ်မတော် ဘလက်ဟော့ခ်ရဟတ်ယာဉ်တစ်စင်းတို့ ဇန်နဝါရီ ၂၉ ရက်က တိုက်မိမှုဖြစ်ပွားပြီးနောက် ပိုတိုမက်မြစ်မှ သေဆုံးသူ ၁၈ ဦးကို ပြန်လည်တွေ့ရှိခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာက ထုတ်ပြန်ထားသည်။

တိုက်မိပြီး လေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့သည့် မြစ်အတွင်း ကယ်ဆယ်ရေးဆောင်ရွက်ရာတွင် အသက်ရှင်ကျန်သူများကို မတွေ့ရှိသေးကြောင်း စီအင်န်အင်န်က ပြောကြားသည်။

အဆိုပါလေယာဉ်ပေါ်တွင် ခရီးသည် ၆၀ နှင့် လေယာဉ်အမှုထမ်း လေးဦး လိုက်ပါကြောင်း အမေရိကန်လေကြောင်းလိုင်း၏ ထုတ်ပြန်ချက်အရ သိရသည်။ တပ်တော် ဘလက်ဟော့ခ်ရဟတ်ယာဉ်ပေါ်တွင်လည်း တပ်ဖွဲ့ဝင်သုံးဦး လိုက်ပါကြောင်း အမေရိကန်ကာကွယ်ရေးအရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး စီအင်န်အင်န်က ထုတ်ပြန်ထားသည်။

**ပင်တဂွန်ကအကူအညီပေးရန်အသင့်ရှိ**

အမေရိကန်ကာကွယ်ရေးဝန်ကြီး Pete Hegseth က ပင်တဂွန်အနေဖြင့် အခြေအနေကိုစောင့်ကြည့်ကွပ်ကဲပြီး လိုအပ်ပါက အကူအညီပေးရန် အသင့်ရှိကြောင်း လူမှုကွန်ရက်မီဒီယာပလက်ဖောင်း X တွင် ပြောကြားသည်။

ကန်းဆက်စ်ပြည်နယ် ဝီချီတာမြို့မှ ထွက်ခွာလာသည့် ဒေသဆိုင်ရာဂျက်လေယာဉ်နှင့် တပ်မတော် ဘလက်ဟော့ခ်ရဟတ်ယာဉ်တစ်စင်းတို့ ည ၉ နာရီခန့်က ဝေဟင်၌ တိုက်မိမှုဖြစ်ပွားခဲ့ကြောင်း၊



ရေဂင်အမျိုးသားလေဆိပ်၌ အရေးပေါ်ယာဉ်များကို ဇန်နဝါရီ ၃၀ ရက်က တွေ့ရစဉ်။

ယင်းနောက် လေဆိပ်မှ ပျံသန်းမှုနှင့် ဆင်းသက်မှု အားလုံးကို ရပ်တန့်ထားကြောင်း အမေရိကန်ပြည်ထောင်စု လေကြောင်းစီမံခန့်ခွဲရေးက ပြောကြားသည်။

ဆင်ဟွာ

# နေရပ်စွန့်ခွာခဲ့ရသည့် ပါလက်စတိုင်း ငါးသိန်းကျော် ဂါဇာမြောက်ပိုင်းသို့ ပြန်လာ

**ဂါဇာ ဇန်နဝါရီ ၃၀**

နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည့် ပါလက်စတိုင်း ငါးသိန်းကျော်သည် ပြီးခဲ့သည့် ၇၂ နာရီ အတွင်း ဂါဇာမြောက်ပိုင်းသို့ ပြန်လာပြီဖြစ်ကြောင်း ဇန်နဝါရီ ၂၉ ရက်တွင် ဟားမားစ်တို့ ထိန်းချုပ်ထားသည့်မီဒီယာတွင် ဖော်ပြသည်။

အစ္စရေးတို့သည် နေရပ်စွန့်ခွာ ပါလက်စတိုင်းများကို ဇန်နဝါရီ ၂၇ ရက်မှ စတင်ကာ ဂါဇာမြောက်ပိုင်းသို့ ပြန်ခွင့်ပြုခဲ့သည်။ အစ္စရေးတို့သည် ဟားမားစ်တို့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိပြီးနောက် ၁၅ လကြာ တိုက်ပွဲများ ဖြစ်ပွားမှုကို ရပ်စဲခဲ့သည်။

ယင်းသို့ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရရှိပြီးနောက် နေရပ်စွန့်ခွာသူများကို ဂါဇာမြောက်ပိုင်းသို့ ပြန်ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။ ဟားမားစ်အဖွဲ့၏ လက်နက်ကိုင်အဖွဲ့ ဖြစ်သော အယ်လ်ကက်ဆမ် အဖွဲ့သည် အစ္စရေးဓားစာခံသုံးဦးကို ဇန်နဝါရီ ၃၀ ရက်တွင် ပြန်လွှတ်ပေးမည်ဟု ပြောကြားခဲ့သည်။

အစ္စရေးဘက် ကလည်း ပါလက်စတိုင်း အကျဉ်းသား ၁၁၀ ကို အပြန်အလှန်အားဖြင့် ပြန်လွှတ်ပေးမည်ဟု အစ္စရေးလူထုရေဒီယိုတွင် ဖော်ပြထားသည်။ ဂါဇာကျန်းမာရေး အာဏာပိုင်များက လွန်ခဲ့သည့် ၂၄ နာရီအတွင်း သေဆုံးသူ ၆၃ ဦးကို လက်ခံရရှိခဲ့သည်ဟု ပြောသည်။

ထို့ကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှ စတင်ကာ ဂါဇာဒေသ၌ သေဆုံးသူ ၄၇၄၁၇ ဦးရှိပြီး ဒဏ်ရာရရှိသူ ၁၁၁၅၇၁ ဦးအထိ ရှိလာပြီဟု ဂါဇာကျန်းမာရေး အာဏာပိုင်များက ပြောသည်။

ဆင်ဟွာ



# ဆီးရီးယားနိုင်ငံတွင် ယာယီခေါင်းဆောင်ကို သမ္မတအဖြစ် ခန့်အပ်

**ဒမတ်စကတ် ဇန်နဝါရီ ၃၀**

ဆီးရီးယားနိုင်ငံတွင် ယာယီခေါင်းဆောင် အာမက်အယ်လ်ရှာရားကို နိုင်ငံ့သမ္မတအဖြစ် ခန့်အပ်လိုက်ကြောင်း ဆီးရီးယားနိုင်ငံပိုင်သတင်းဌာနက ဖော်ပြလိုက်သည်။

အသွင်ကူးပြောင်းရေးကာလတွင် ယာယီဥပဒေပြုကောင်စီဖွဲ့စည်းခွင့် အာဏာကို မစ္စတာ ရှာရားကို ပေးအပ်ထားကြောင်း ဆီးရီးယားသတင်းအေဂျင်စီက ဇန်နဝါရီ ၂၉ ရက်တွင် ပြောကြားလိုက်သည်။

သမ္မတဟောင်း ဘတ်ရှာအယ်လ်အာဆက်အစိုးရသည် လွန်ခဲ့သောလက ပြိုလဲခဲ့သည်။ ထို့အတူ အာဆက်မိသားစု၏ အုပ်ချုပ်မှုကို ထောက်ခံခဲ့သည့် နိုင်ငံရေးပါတီများကိုလည်း ပယ်ဖျက်ခဲ့ကြောင်း အဆိုပါသတင်းအေဂျင်စီက ဆက်လက်ဖော်ပြထားသည်။

၁၀ စုနှစ်တစ်စုကျော်ကြာ လက်နက်ကိုင်ပဋိပက္ခအပြီးတွင် ဆီးရီးယားနိုင်ငံ၏ စီးပွားရေးပြန်လည်တည်ဆောက်ရေးသည် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။ ယခင်အစိုးရအပေါ် ချမှတ်ထားသော ဒဏ်ခတ်ပိတ်ဆို့မှုများကို ရုပ်သိမ်းပေးရန် ယာယီအစိုးရက အနောက်နိုင်ငံများကို အကြိမ်ကြိမ်တောင်းဆိုလျက်ရှိသည်။ ဟာရက်တာရာ အယ်လ်ရှမ်အဖွဲ့လက်အောက်တွင် နိုင်ငံတည်ဆောက်ရေးကြိုးပမ်းမှုများကို အင်တိုက်အားတိုက်လုပ်ဆောင်လျက်ရှိသည်။ နိုင်ငံတည်ဆောက်ရေးကြိုးပမ်းမှုလုပ်ငန်းစဉ်များကို အရှိန်မြှင့်တင်ရန် ယာယီအစိုးရသည် ၎င်း၏လုပ်ပိုင်ခွင့်အာဏာကို ယခုထက်ပို၍ တိုးမြှင့်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ

# နယ်သာလန်နိုင်ငံ၌ တုပ်ကွေးရောဂါဖြစ်ပွားမှုများလာ

**သည်ဟိတ် ဇန်နဝါရီ ၃၀**

နယ်သာလန်နိုင်ငံတွင် တုပ်ကွေးရောဂါဖြစ်ပွားသူဦးရေ ပိုမိုများပြားလာသဖြင့် နယ်သာလန် ကျန်းမာရေးဝန်ဆောင်မှုဌာနက တုပ်ကွေးရောဂါကူးစက်မှုစတင်ကြောင်း ဇန်နဝါရီ ၂၉ ရက်တွင် ကြေညာခဲ့သည်။

လူ တစ်သိန်းတွင် အနည်းဆုံး ၅၃ ဦးသည် တုပ်ကွေးရောဂါလက္ခဏာများ နှစ်ပတ်ဆက်တိုက်ခံစားရကြောင်း ဆရာဝန်များထံ အသိပေးလာသည့်အခါ တုပ်ကွေးရောဂါ စတင်ပျံ့နှံ့ပြီဖြစ်ကြောင်း တရားဝင်အသိအမှတ်ပြုခဲ့သည်။

လွန်ခဲ့သည့်သီတင်းပတ်အတွင်း နယ်သာလန်နိုင်ငံ၌ လူပေါင်းတစ်သိန်းတွင် ၇၆ ဦး တုပ်ကွေးရောဂါခံစားရသည်။ အဆိုပါအရေအတွက်သည် ယခုနှစ်တုပ်ကွေးရောဂါ၏အစဖြစ်သည်ဟု နယ်သာလန်ကျန်းမာရေးဝန်ဆောင်မှုဌာန၏ ပြောကြားချက်အရ သိရသည်။

ပြီးခဲ့သည့်နှစ်တွင် တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုသည် ဇန်နဝါရီနှောင်းပိုင်းတွင်စတင်ခဲ့ပြီး မတ်လကုန်အထိ ကြာမြင့်ခဲ့သည်။

တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် နိုင်ငံတစ်ဝန်း အနှောင့်အယှက်များ ဖြစ်ပေါ်စေခဲ့သည်။ အချို့သောဆေးရုံများတွင် ဝန်ထမ်းများ ဖျားနာမှုများသဖြင့် ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုများကို လျှော့ချထားခဲ့ရသည်။ ဆရာများ ဖျားနာနေသည့်အတွက် စာသင်ချိန်များ ဖျက်သိမ်းခဲ့ရသည်။

ဆင်ဟွာ

# ဩစတြေးလျနိုင်ငံအရှေ့တောင်ပိုင်း၌ တောမီးလောင်မှုကြောင့် ဒေသခံများကို ဘေးလွတ်ရာသို့ပြောင်းရွှေ့ရန် အမိန့်ပေး

**ဆစ်ဒနီ ဇန်နဝါရီ ၃၀**

ဗစ်တိုးရီးယား ပြည်နယ်၏ မြို့တော် မဲဘုန်းလ် အနောက်ပိုင်း၌ တောမီးလောင်မှု ဆက်လက်ပျံ့နှံ့နေသောကြောင့် ဒေသခံများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် ဩစတြေးလျ အရှေ့တောင်ပိုင်းရှိ အာဏာပိုင်များက အမိန့်ပေးခဲ့ကြောင်း သိရသည်။

ဗစ်တိုးရီးယား အရေးပေါ်အေဂျင်စီက မဲဘုန်းလ် အနောက်ဘက် ကီလိုမီတာ ၂၅၀ ခန့်အကွာရှိ ဂရန်ပီရန်စ် အမျိုးသားဥယျာဉ်၏ အနောက်တောင်ဘက်အစပ်အနီး မြို့ငယ်လေးခုမှ ဒေသခံ ၁၀၀ ခန့်ကို မီးလောင်မှုအန္တရာယ်မှ လွတ်မြောက်ရန်အတွက် ချက်ချင်းထွက်ခွာရန် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းက တိုက်တွန်းထားကြောင်း သိရသည်။



အမျိုးသား ဥယျာဉ်၏ အနောက်ဘက်စွန်းတစ်လျှောက် မီးလောင်မှုမှာ ညတွင်းချင်း သိသိသာသာပျံ့နှံ့နေပြီး နေရာမျိုးစုံကို ပျံ့နှံ့လောင်ခဲ့ကြောင်း ဗစ်တိုးရီးယား အရေးပေါ်အေဂျင်စီက သတိပေးချက်ထုတ်ပြန်ထားသည်။

မီးလောင်မှု ဧရိယာသည် ညတွင်းချင်း ဟက်တာ ၇၀၀၀ အထိ တိုးလာကြောင်း မီးလောင်မှုနှင့် ပတ်သက်၍ ထိန်းသိမ်းကြီးကြပ်သူ ပီတာ ဝက်စ်တန်က ဩစတြေးလျ ရုပ်သံကော်ပိုရေးရှင်း (အေဘီစီ) သို့ ပြောကြားသည်။

ဆင်ဟွာ



## သင်္ဃန်းကျွန်းမြို့နယ် ပညာရေးဒီဂရီကောလိပ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကာယအလှမယ်နှင့် လှယဉ်ကျေးမယ်ပြိုင်ပွဲ ကျင်းပ

**သင်္ဃန်းကျွန်း ဇန်နဝါရီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကာယအလှမယ်နှင့် လှယဉ်ကျေးမယ်ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၁နာရီက သင်္ဃန်းကျွန်းပညာရေး ဒီဂရီကောလိပ် ပညာနေခြည်ခန်းမ၌ ကျင်းပသည်။

ဦးစွာ သင်္ဃန်းကျွန်းပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာ ငြိမ်းသီအောင်က အမှာစကား ပြောကြားသည်။

ထို့နောက် ကာယအလှမယ်နှင့် လှယဉ်ကျေးမယ်ပြိုင်ပွဲဝင်များအား အကဲဖြတ်အဖွဲ့ ဒိုင်ချုပ်မှ ပြိုင်ပွဲ၏ စည်းကမ်းချက်များ ပြောကြားပြီး ပြိုင်ပွဲကိုစတင် ကျင်းပခဲ့ရာ ကာယအလှမယ် ၁၀ ဦးနှင့် လှယဉ်ကျေးမယ် ၁၄ ဦး တို့မှ စည်းကမ်းချက်များနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ရွေးချယ်ခံရသည့် ကာယအလှမယ် ၁၀ ဦးအနက် ဆန်ခါတင် ငါးဦးနှင့် လှယဉ်ကျေးမယ် ၁၄ ဦးအနက် ဆန်ခါတင် ငါးဦးတို့က ဆက်လက်ယှဉ်ပြိုင်ခဲ့ပြီး ဖျော်ဖြေပွဲအစီအစဉ်များဖြင့် ကျင်းပသည်။

ထို့နောက် ကာယအလှမယ်နှင့် လှယဉ်ကျေးမယ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုများရရှိသည့် ကာယအလှမယ်များနှင့် လှယဉ်ကျေးမယ်များကို သင်္ဃန်းကျွန်း ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ငြိမ်းသီအောင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**ခရိုင်(ပြန်/ဆက်)**




## ပုသိမ်တက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၏ ဟောပြောပို့ချမှုသင်တန်း ဖွင့်ပွဲကျင်းပ

**လပွတ္တာ ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ယနေ့နံနက် ၉ နာရီက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ပုသိမ်တက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၏ ဟောပြောပို့ချမှု သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူရနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက ပုသိမ်တက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး **(အပေါ်ပုံ)** လပွတ္တာမြို့မိမြို့ဖဆရာကြီး ဦးဝင်းမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပုသိမ်တက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခဦးဆောင်သူ ဒေါက်တာခန့်ခန့်စိုး (မြန်မာစာဌာန)အပါ ပါမောက္ခ ၁၂ ဦးမှ ဘာသာရပ်အလိုက်(မြန်မာစာဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ်၊ သင်္ချာဘာသာရပ်၊ သမိုင်းဘာသာရပ်၊ ပထဝီဝင်ဘာသာရပ်၊ ဓာတုဗေဒဘာသာရပ်၊ ရူပဗေဒဘာသာရပ်၊ ဇီဝဗေဒဘာသာရပ်၊ ဘောဂဗေဒဘာသာရပ်တို့ကို နံနက် ၁၀ နာရီမှစ၍ ညနေ ၅ နာရီ အချိန်အထိ ရွှေနဒီခန်းမနှင့် သာသနာ့ဗိမာန်တို့တွင် ဇန်နဝါရီ ၃၀ ရက်မှ ၃၁ ရက်အထိ နှစ်ရက်တာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်လင်း**
**(ပြန်/ဆက်)**

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၌ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၀**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုအသိပညာပေးဟောပြောပွဲနှင့် ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပင်မဆောင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာ ထိပ်တင်ဟန်က ပြည်ထောင်စုနေ့အကြို အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြန်မာစာဌာန ပါမောက္ခဌာနမှူး ဒေါက်တာခင်ဝင့်နွယ်က (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုနေ့နှင့် ပတ်သက်သည့် အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ဒုတိယပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာ ထိပ်တင်ဟန်က အသိပညာပေးဟောပြောခဲ့သည့် မြန်မာစာဌာန ပါမောက္ခဌာနမှူး ဒေါက်တာ ခင်ဝင့်နွယ်အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ပြီး ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာခင်နွဲ့အေးနှင့် တာဝန်ရှိသူများက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**ဇင်မင်းထိုက်(ထန်းတပင်)**

## ရွှေဘိုတက္ကသိုလ်၌ ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်(ဒုတိယနေ့) ဆက်လက်ကျင်းပ

**ရွှေဘို ဇန်နဝါရီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုတက္ကသိုလ်၌ ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင် (ဒုတိယနေ့)အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရွှေဘိုတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီးဒေါက်တာမျိုးမျိုးက ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားပြီး ၂၀၂၄ ပညာသင်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့်( အဝေးသင်)သင်တန်းတို့တွင် ဝိဇ္ဇာဘာသာရပ်နှင့်သိပ္ပံဘာသာရပ် ဘွဲ့အသီးသီးအတွက် ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ကြသည့် မောင်မယ်များအား ဘွဲ့လက်မှတ်များအပ်နှင်းသည်။

အခမ်းအနားသို့ ရွှေဘိုတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာမျိုးမျိုး၊ ဒုတိယပါမောက္ခချုပ် ဆရာမကြီးဒေါက်တာတင်တင်ရီနှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဘာသာရပ်ဆိုင်ရာပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဌာနမှူး (သင်တန်းရေးရာဌာန)၊ မော်ကွန်းထိန်း (စာမေးပွဲနှင့် ဘွဲ့နှင်းဌာန)၊ မော်ကွန်းထိန်း (ကျောင်းသားရေးရာဌာန)၊ ဖိတ်ကြားထားသူများ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အဆိုပါ ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်(ဒုတိယနေ့)တွင် စုစုပေါင်းတက်ရောက်ဘွဲ့ယူသူမောင်မယ် ၆၇၂ ဦးရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



## နမ့်စန်မြို့နယ်၌ သစ်တော၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**နမ့်စန်(တ) ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲက နောင်ဟီးကျေးရွာအုပ်စု ကုန်းဆာကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွင်း ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် လွိုင်လင်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးမောင်မျိုးက သစ်ပင်သစ်တောများထိန်းသိမ်းရေး၊ ရေသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေသည့် မီးခိုးမြူငွေ့များ၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာပုံနှင့် မီးခိုးမြူငွေ့အမျိုးအစားများ၊ မီးခိုးမြူငွေ့ကြောင့်ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများ၊ ကာကွယ်ရေးနည်းလမ်းများနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာသိကောင်းစရာများကို ဆွေးနွေး ဟောပြော၍ အသိပညာပေး Video Clip များ ရှင်းလင်းပြသခဲ့သည်။ **(ဝဲပုံ)**

အဆိုပါဟောပြောပွဲသို့ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးကျော်ကျော်သာနှင့် ဝန်ထမ်းများ၊ ကုန်းဆာကျေးရွာမှ ကျေးရွာနေပြည်သူများ စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်လှေများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၇ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၈၁၉၈၅၃) ကိုလည်းကောင်း၊ ဇန်နဝါရီ ၂၈ ရက်တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၉၀၀၀၀)ကိုလည်းကောင်း၊ ဇန်နဝါရီ ၂၉ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၃၀၉၈၅၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇန်နဝါရီ ၂၈ ရက်တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ် ကျွန်းတောကျေးရွာအနီး၌ တရားမဝင်ကျောက်စုပ်ရှာဖွေရာတွင် အသုံးပြုသည့် ကျောက်စုပ်ရေယာဉ် ၁၁ စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၅၀၀၀၀၀) ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ မင်းဘူးခရိုင် စကုမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၇၅၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် ဇန်နဝါရီ ၂၉ ရက်တွင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၅၂၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၅၆၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ကျားပါးစပ်လမ်းရှိ တံတားတိုဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ လာဂမို့တိုးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၂၅၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၄၂၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ကလေးမြို့သို့ သွားရောက်မည့်မော်တော်ယာဉ်နှစ်စီးနှင့် မန္တလေးမြို့မှ ဖားကန့်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၆၇ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၂၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၁၉၇၅၆၈) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux နှစ်စီး၊ Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၁၉၇၅၆၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၃၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၀၃၇၀၉၈၁) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



ထွန်းဇော်မြင့်(ခ)လူဇော် နှင့် ဇော်လင်း(ခ) ငဇော်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ရွှေပေးရပ် မြို့ပတ်(၁)လမ်းတွင် မင်းထက်အောင်(ခ) ဘေးနေဒစ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀ သိမ်းဆည်းရမိခဲ့ပြီး ညနေ ၅နာရီတွင် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု မယင်းငယ်ဖျားကျေးရွာရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်အရ ညနေ ၆ နာရီတွင် မြိတ်မြို့နယ် ပသောင်းကျေးရွာအုပ်စု တောင်ပုလဲကျေးရွာနေ နိုင်ရွှေမန်း(ခ) နောင်မန်း အား စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို လည်းကောင်း၊ ယင်းနေ့မွန်းလွဲ ၂ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက်တွင် မသင်္ကာဖွယ်တွေ့ရှိသူ သူရဇော် (ခ) အောင်ရဲလင်း အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မွန်းလွဲ ၃ နာရီတွင် ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် ရွှေဖူးမျှော်လမ်းရှိ ၎င်း၏နေအိမ်တွင် ဝေယံအောင် (ခ) သဘော်သီး အား စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀နှင့်လည်းကောင်း၊ ညနေ ၄ နာရီတွင် သာကေတမြို့နယ် (၂/တောင်) ရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ အောင်ကျော်ဆန်း(ခ)ဖြိုးကိုကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ပူးပေါင်းအဖွဲ့သည် နံနက် ၈ နာရီခွဲတွင် ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု ရေယားကျေးရွာ အနီးတွင် ထွန်းဇော်မြင့်(ခ)လူဇော် မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၁၀ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ ဇော်လင်း(ခ)ငဇော်အား တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက် (၅)ရှိ၎င်း၏နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြောင်းသတိပေးချက်

